ကြေးမုံ

The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့၊ (25-8-2005) (၄၆၉၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံ့ဝန်ထမ်းများ ဒေသအကျိုး၊ နိုင်ငံအကျိုးကို ရှေးရှု ဒေသဆိုင်ရာ စည်းရုံးရေးမှုများသဖွယ် စီမံမှုနှာပြလုပ်ဆောင် အထက်အဆင့်မှသည် အောက်ခြေအဆင့်အထိ ကဏ္ဍအလိုက် လမ်းညွှန်မှုအဆင့်ဆင့်ကို ခံယူကျင့်သုံးလိုက်နာ ပြည်တွင်းပြည်ပ အန္တရာယ်မှန်သမျှကို တိုက်ဖျက်ချေမှုန်း

ရန်ကုန် ဩဂုတ် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်လိုက်ပါလျက် ဩဂုတ် ၂၃ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ နံနက် ၁၁ နာရီ ၄၉ မိနစ်တွင် တန့်ယန်းမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်လိုက်ပါလျက် တန့်ယန်းမြို့မှ တန့်ယန်း–မိုင်းကောင်–မိုင်းရှူးလမ်းပိုင်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ တန့်ယန်းမြို့မှ လေးမိုင်အကွာ နောင်ပိုင် ကျေးရွာအနီးရှိ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ တန့်ယန်း–မိုင်းကောင်–မိုင်းရှူးလမ်း အဆင့်မြှင့်တင် ဖောက်လုပ်ရေးလုပ်ငန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့အား တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတို့ ဆက်သွယ်နေသောလမ်းများကို နိုင်ငံတော်မှ အဆင့်မြှင့်တင် ဖောက်လုပ်ရန် တာဝန်ပေးချက်အရ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

အမှာစကားပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း တန့်ယန်းမြို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

☆ *ယခုအခါ နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေးဦးတည်ချက်နှင့်အညီ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် တစ်ခဲနက် အားပေးမြှင့်တင်လျက်ရှိသည်။ တစ်မျိုးသားလုံး၊ ပြည်သူတစ်ရပ်လုံးကလည်း မြန်မာ့အားကစား အောင်မြင်မှုအပြည့်အဝရရှိရန် အင်တိုက်အားတိုက် မျှော်လင့်အားပေးနေသည့် ကာလဖြစ်သည်။*

(ခေါင်းကြီး) စာမျက်နှာ–၂

☆ *အထူးသဖြင့် အမျိုးသမီးများနဲ့ ကလေးများကို သွေးဆောင်ဖြားယောင်းပြီး သိမ်းသွင်းစုဆောင်းကာ လူကုန်ကူး ခေါင်းပုံဖြတ်နေကြတဲ့ စက်ဆုပ်ရွံရှာဖွယ်ရာ လုပ်ရပ်ကြီးမှ အကာအကွယ်ပေးဖို့ ဘက်ပေါင်းစုံက ဆောင်ရွက်နေကြပါတယ်။*

မျိုးလေး၏ ***"ပန်းပျိုးသောလက်များ"***

(ဆောင်းပါး) စာမျက်နှာ–၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၈-၂၀၀၅
(ကြာသပတေးနေ့)

မြန်မာ့အားကစား အရှိန်အဟုန်မြှင့်တင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေးဇွဲလုံ့လအားမာန်ဖြင့်ကြိုးပမ်း

မြန်မာလူငယ်ဘောလုံးအသင်းသည် ၂၀၀၅ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့မှ ၁၉ ရက်နေ့အထိ အင်ဒိုနီးရှားနိုင်ငံ Palembang ၌ ကျင်းပခဲ့သော အာဆီယံအသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲပြီး ပထမချန်ပီယံ ဆုဖလားကြီးကို ဆွတ်ခူးရယူနိုင်ခြင်းဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဩဂုတ်လ ၂၂ ရက်နေ့က ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပသည့် အာဆီယံ အသက်(၂၀)အောက် ချန်ပီယံမြန်မာလူငယ်ဘောလုံးအသင်းအား ဂုဏ်ပြုသည့်အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် **အားကစားသမားများအနေဖြင့်လည်း ပြည်သူလူထု၏ မကြုံစဖူး ထူးထူးကဲကဲ အားပေးချီးမြှောက်မှုအပေါ် တုံ့ပြန်သည့်အနေဖြင့် မိမိတို့၏ ဇွဲ၊လုံ့လ၊ ဝီရိယကြိုးပမ်းအားထုတ်လေ့ကျင့်မှု၊ စည်းကမ်းလိုက်နာမှု၊ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်မြင့်မား ခိုင်မာမှုတို့ပေါင်းစပ်ပြီး နိုင်ငံတကာပြိုင်ပွဲများ၌ ယခုကဲ့သို့ နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ရေးအတွက် ဆက်လက်အလေးအနက်ထား ကြိုးပမ်းသွားကြရန်** မှာကြားသွားသည်။

မြန်မာ့အားကစားတိုးတက်ဖြစ်ပေါ်မှုများကို ပြန်လည် လေ့လာကြည့်ပါက တစ်ချိန်သောအခါက မြန်မာ့အားကစားသည် အရှေ့တောင်အာရှတွင်သာမက အာရှမှသည် အိုလံပစ်စင်မြင့်အထိ တက်လှမ်းရောက်ရှိနိုင်ခဲ့သည်။ အထူးသဖြင့် ဘောလုံးအားကစားနှင့် မြန်မာ့ပြေးခုန်ပစ်အားကစား အကျော်အမော်တို့သည် အရှေ့တောင်အာရှတွင် အောင်ပွဲဆင်နိုင်ခဲ့ကြသော မှတ်တိုင်များရှိခဲ့သည်။ မြန်မာဘောလုံးအသင်းသည် အာရှဘောလုံးလောက၌ သရဖူဆောင်း အောင်နိုင်ခဲ့သည်။

ယခုအခါ နိုင်ငံတော်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးဟူသည့် လူမှုရေး ဦးတည်ချက်နှင့်အညီ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် တစ်ခဲနက် အားပေးမြှင့်တင်လျက်ရှိသည်။ တစ်မျိုးသားလုံး ပြည်သူတစ်ရပ်လုံးကလည်း မြန်မာ့အားကစား အောင်မြင်မှုအပြည့်အဝရရှိစေရန် အင်တိုက်အားတိုက် မျှော်လင့်အားပေးနေသည့် ကာလဖြစ်သည်။

ယင်းသို့ နိုင်ငံတော်နှင့်ပြည်သူများ၏ အားပေးပံ့ပိုးမှုများနှင့်အညီ မြန်မာ့အားကစားသည် တစ်စတစ်စ အောင်မြင်မှုများ ပြန်လည်ရရှိလာခဲ့ပြီဖြစ်သည်။ မြန်မာဘောလုံးအသင်းသည် အောင်နိုင်မှုဆုဖလားများနှင့် နှစ်ပေါင်း ၃၀ ခန့် ဝေးကွာခဲ့ ရာမှ ၂၀၀၂ ခုနှစ်တွင် အသက်(၁၇)နှစ်အောက် အာဆီယံလူငယ်ဘောလုံးချန်ပီယံ၊ ၂၀၀၃ ခုနှစ်တွင် အသက်(၁၈)နှစ်အောက် အာဆီယံလူငယ်ဘောလုံးချန်ပီယံနှင့် ၂၀၀၄ ခုနှစ်တွင် အသက်(၁၈)နှစ်အောက် ဘင်းမ်စတက်နိုင်ငံများ လူငယ်ဘောလုံး ချန်ပီယံစသည့်အောင်မြင်မှုများ ရရှိလာခဲ့သည်ကို တွေ့ရသည်။

ယခုတစ်ဖန် ၂၀၀၅ ခုနှစ်တွင် သက်တမ်းအလိုက် ဘောလုံးပြိုင်ပွဲများ၌ အမြင့်ဆုံးအဆင့်ဖြစ်သည့် အသက်(၂၀)အောက် အာဆီယံလူငယ်ဘောလုံးချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ရာ မြန်မာ့ဘောလုံးသမိုင်းသစ်ကို ပြန်လည်စတင်လိုက်ခြင်း ဖြစ်သည်ဟု ဆိုရပေမည်။

တစ်နည်းအားဖြင့် အသက်(၂၀)အောက် မြန်မာလူငယ် ဘောလုံးအသင်း၏အောင်ပွဲသည် မြန်မာ့လက်ရွေးစင် လူကြီးဘောလုံးအသင်း၌ ထူးချွန်ထက်မြက်သည့် အားကစားသမားအဖြစ်ပါဝင်လာပြီး အနာဂတ်နိုင်ငံတကာ ဘောလုံးပြိုင်ပွဲများ၌ အောင်ပွဲဆင်နိုင်ရန် ခြေလှမ်းသစ် မှတ်တိုင်တစ်ခု စိုက်ထူလိုက်ခြင်းပင်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်က မြန်မာ့အားကစား အဆင့်အတန်းမြင့်မားလာစေရန် အဘက်ဘက်က အားပေးချီးမြှောက် အရှိန်အဟုန်မြှင့်တင်ပေးနေသည့် ကာလတွင် မြန်မာလူငယ်အားကစားသမားများအနေဖြင့် အောင်မြင်မှုရလဒ်အချို့ကိုရရုံဖြင့် အားရကျေနပ် တင်းတိမ်မနေဘဲ အာဆီယံအဆင့်မှသည် အာရှအဆင့်၊ အာရှအဆင့်မှသည် ကမ္ဘာ့အဆင့်သို့ တိုးဝင်နိုင်ရေး ရည်မှန်းချက်ထားပြီး နိုင်ငံ့ဂုဏ်ဆောင် အောင်နိုင်ရေးအတွက် ဇွဲ၊ လုံ့လ၊ ဝီရိယအားမာန်အပြည့်အဝဖြင့် ဆက်လက်ကြိုးပမ်းသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) “ဝ”ဒေသ ပန်ဆန်းမြို့တွင် ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဩဂုတ် ၂၀ ရက် ညနေပိုင်းတွင် ပန်ဆန်းမြို့ အထက်တန်းကျောင်းသို့ ရောက်ရှိရာ ကျောင်းအုပ်ဆရာကြီး ဦးငွေဝင်းနှင့် ဆရာ၊ ဆရာမများက ကြိုဆိုကြပြီး ကျောင်းအားကစားကွင်း၌ ဝန်ကြီးနှင့်အဖွဲ့က ကျောင်းဆရာ၊ ဆရာမများအား ကျောင်းဝတ်စုံများ၊ လက်ဆောင်ပစ္စည်းများပေးအပ်ကာ ကျောင်းသား၊ ကျောင်းသူများအား စာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ကြသည်။

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် ပန်ဆန်းမြို့အထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ ကွန်ပျူတာသင်ကြားလေ့ကျင့်မှုကို ကြည့်ရှုစစ်ဆေးစဉ်။ (နယ်စပ်စည်ပင်)

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပန်ဆန်းမြို့ အထက်တန်းကျောင်း ကွန်ပျူတာခန်း၌ ကျောင်းသား၊ ကျောင်းသူများ ကွန်ပျူတာဘာသာရပ်သင်ကြားလေ့ကျင့်မှုကို စစ်ဆေးကြည့်ရှုပြီး သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြု သင်ခန်းစာများကို လိုက်လံစစ်ဆေး၍ ကျောင်း၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံအားပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပန်ဆန်းမြို့ရှိခုတင်(၅၀)ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ တာဝန်ခံဆရာဝန် ဒေါက်တာအောင်မြင့်အေးနှင့် ဆေးရုံဝန်ထမ်းများက ကြိုဆို၍ ရှင်းလင်းတင်ပြကြပြီး ဆေးရုံအတွင်း ပြင်ပလူနာခန်း၊ဆေးစတိုခွဲစိတ်ဆောင်တို့ကို လှည့်လည်ကြည့်ရှုသည်။ ထို့နောက် ဆေးရုံ တက်ရောက် ကုသနေသည့် လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး တာဝန်ခံ ဆရာဝန်နှင့် ဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ပန်ဆန်းမြို့ ဆက်သွယ်ရေး စာတိုက်ကြေးနန်းရုံးသို့ ရောက်ရှိပြီး ပန်ဆန်းမြို့နှင့် အခြားဒေသများသို့ ရေဒီယိုကြေးနန်း စနစ်ဖြင့် ဆက်သွယ်မှုများ စစ်ဆေးပြီး ဆက်သွယ်ရေးတာဝန်ခံနှင့် ဝန်ထမ်းများ၏ တင်ပြချက်များကို ရှင်းလင်းဆောင်ရွက်ပေးသည်။

မှာကြား

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပန်ဆန်းမြို့ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းသို့ ရောက်ရှိရာ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ဦးဆောင် ညွှန်ကြားရေးမှူး ဦးအုန်းသန်းနှင့် ပန်ဆန်းစိုက်ပျိုးရေး ပျိုးခြံတာဝန်ခံတို့က ဒေသနှင့်ကိုက်ညီမည့် မျိုးစပါးများ၊ ဘိန်းအစားထိုး သီးနှံများ စမ်းသပ် စိုက်ပျိုးထားရှိမှုနှင့် ဒေသအတွင်း ပျိုးပင်ဖြန့်ဝေမှု အခြေအနေများ၊ဆက်လက်ဆောင်ရွက်ရမည့် အစီအစဉ်များ ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

တွေ့ဆုံ

ဝန်ကြီးနှင့်အဖွဲ့သည် ညပိုင်းတွင် ပန်ဆန်းမြို့ရှိ နယ်စပ်ဒေသ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ဝန်ကြီးက ဝန်ထမ်းများသည် ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ် ပန်ဆင်ရေး၊ ဒေသလူထုများနှင့်ပူးပေါင်း၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ကို တက်ကြွစွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ကျရာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲရေးတို့ကို မှာကြားပြီး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းတို့က ဝန်ထမ်းများ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများကို မှာကြားသည်။

လက်ဆောင်ပေးအပ်

ထို့နောက် ဝန်ကြီးက “ဝ”ဒေသ ကျောင်းသား၊ကျောင်းသူများအတွက် ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များ၊အဝတ်အထည်များကို ထောက်ပံ့ပေးအပ်ပြီး အဖွဲ့ဝင်များက နယ်စပ်ဒေသဝန်ထမ်းများအတွက် ဝတ်စုံများ၊စားသောက်ဖွယ်ပစ္စည်းများ လက်ဆောင်ပေးအပ်သည်။

ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့်အဖွဲ့သည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ဒေသမှတာဝန်ရှိသူများ လိုက်ပါ၍ ပန်ဆန်းမြို့ အရှေ့ဘက် နမ့်ခချောင်းပေါ်၌ တည်ဆောက်နေသည့် မုံးအ တံတားလုပ်ငန်းခွင်သို့ ရောက်ရှိပြီး တံတား တည်ဆောက်မှု လုပ်ငန်းကို စစ်ဆေးကြည့်ရှုသည်။ မုံးအ တံတားမှာ အလျားပေ ၄၅၀၊ အနံ ၄၅ပေရှိ နှစ်လမ်းသွားကားလမ်းနှင့် လူသွားလမ်းပါရှိသော တံတားဖြစ်ပြီး ၂၀၀၅ခုနှစ် ဧပြီတွင် စတင် တည်ဆောက်ခဲ့ရာ ၂၀၀၅ခုနှစ် ဒီဇင်ဘာအပြီး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ထိုမှ ဆက်လက်ထွက်ခွာ၍ ပန်ဆန်းမြို့ ကျက်သရေဆောင် မဟာပံသုသီဂိစေတီတော်သို့ ရောက်ရှိဖူးမြော် ကြည်ညိုပြီး ပန်ဆန်းမြို့ရှိ ဘာသာရေး ဝတ်ရွတ်အဖွဲ့များ ဝတ်ရွတ်ဆိုမှုကို အားပေးသည်။

ထို့နောက် မဟာပံသုသီဂိ ဘုရားအနီး တည်ဆောက်နေသည့် သုံးထပ်ဘုန်းကြီးကျောင်း တည်ဆောက်မှု လုပ်ငန်းများကို စစ်ဆေးပြီး နံနက် ၇ နာရီတွင် မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာရာ လမ်းတစ်လျှောက် ပန်ဆန်း၊တန့်ယန်းကားလမ်းအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ မျိုးချစ်တပ်မတော်
၄း၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၄၅	၇။ ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၄း၅၅	၈။ မျိုးချစ်တပ်မတော်
၅း၀၀	၉။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှု အစီအစဉ် –Introduction to Economics. (ပထမနှစ်–စီးပွားရေးပညာ)**
၅း၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။ နိုင်ငံတကာသတင်း
၆း၂၀	၁၄။ မိုးလေဝသသတင်း
၆း၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀	၁၆။ **ကာတွန်းအစီအစဉ် “ရောင်လင်လူစွမ်းကောင်းလေး” (အပိုင်း–၂၅)**
၆း၅၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “အချစ်စစ်တို့ရဲ့သစ္စာနယ်မြေ” (အပိုင်း–၁၆)(ဇာတ်သိမ်းပိုင်း)**
၈း၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ မြဝတီရဲ့မြဝတီ
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “တရားရှင်” (အပိုင်း–၈)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး လုပ်ငန်းများတွင်အသုံးပြုရန် အလှူငွေပေးအပ်ပွဲအခမ်းအနားကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အလှူငွေလက်ခံ

ရန်ကုန် ဩဂုတ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင်အသုံးပြုရန်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးလုပ်ငန်းများတွင် အသုံးပြုရန် မလေးရှားနိုင်ငံ GANO EXCEL ကုမ္ပဏီမှ အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ ကျေးဇူးတင်စကားပြောကြားပြီး အလှူငွေလက်ခံယူသည်။

တက်ရောက်

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဗဟိုမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဒေသဖွံ့ဖြိုးရေး

အခမ်းအနားတွင် ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ယနေ့ နိုင်ငံတော်က ဆောင်ရွက်နေသော နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေ၊ အထူးဇုန်များဖြင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေအနေနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု အခြေအနေ၊ မူးယစ်ဆေးဝါးကာကွယ် တားဆီးတိုက်ဖျက်နေမှု အခြေအနေ တို့ကို ရှင်းလင်းပြောကြားပြီး ယခုကဲ့သို့ အလှူငွေပေးအပ်ခြင်းကို ကျေးဇူးတင် ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် M & M Gano Trading Co., Ltd. (Gano Excel Myanmar)မှ မန်နေဂျင်း ဒါရိုက်တာ ဒေါ်နွယ်နွယ်စိုးနှင့် ဒါရိုက်တာ ဒေါ်သဇင်မော်တို့က အလှူငွေ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုရန် အလှူငွေ ကျပ် ၁၀သိန်းကို ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပေးအပ်လှူဒါန်းသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် မြန်မာနိုင်ငံ မူးယစ် ဆေးဝါးကာကွယ်တားဆီးရေး လုပ်ငန်း များတွင်အသုံးပြုရန် အလှူငွေကျပ် ၁၀သိန်းကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ် ဗဟိုမှ ဒုတိယရဲမှူးကြီးကြည်စိုးသို့ ပေးအပ်လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်နှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးလုပ်ငန်းများတွင်အသုံးပြုရန် မလေးရှားနိုင်ငံ Gano Excel ကုမ္ပဏီမှ အလှူငွေပေးအပ်ပွဲအခမ်းအနားတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူရှင် M&M Gano Trading Co.,Ltd. (Gano Excel Myanmar)မန်နေဂျင်းဒါရိုက်တာ ဒေါ်နွယ်နွယ်စိုးနှင့် ဒါရိုက်တာ ဒေါ်သဇင်မော်တို့က အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဗဟိုမှ ဒုတိယရဲမှူးကြီး ကြည်စိုးထံ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ကာကွယ်တားဆီးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် အလှူရှင် M&M Gano Trading Co.,Ltd. (Gano Excel Myanmar) မန်နေဂျင်း ဒါရိုက်တာ ဒေါ်နွယ်နွယ်စိုးနှင့် ဒါရိုက်တာဒေါ်သဇင်မော်တို့က အလှူငွေ ကျပ်၁၀သိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝိဇာတမင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

အင်းစိန်မြို့ တောင်သူကုန်းရပ်ကွက် ဝါခင်းတောင်ကျောင်းတိုက် ပဓာန နာယက၊ ရပ်ကွက်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တ စန္ဒောဘာသ၏ သက်တော် (၅၄)နှစ်ပြည့် ဝိဇာတမင်္ဂလာကို ဩဂုတ် ၁၆ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ မဟာ သံ့သာရဆရာတော် ဘဒ္ဒန္တကုမာရနှင့် ပင့်သံဃာတော်များ၊ အလှူရှင်များကြွရောက်တော်မူပြီး သံဃာတော်များအား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကာ နေ့ဆွမ်း ဆက်ကပ်ကြောင်း သိရသည်။ (၆၁)

ဆိပ်ဖြူအထကရွှေရတု မဂ္ဂဇင်းထုတ်ဝေရေးညှိနှိုင်း

ရန်ကုန် ဩဂုတ် ၂၄

မကွေးတိုင်း ဆိပ်ဖြူမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ရွှေရတု သဘင် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေ ရေးညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၉ရက် ညနေ ၃နာရီတွင် အဆိုပါ အထက်တန်းကျောင်း၌ ကျင်းပပြီး မဂ္ဂဇင်းကို ၂၀၀၆ခုနှစ် ဇွန်လအတွင်း ထုတ်ဝေနိုင်ရန် ဆုံးဖြတ်ကြသည်။

ရပ်ဝေး၊ ရပ်နီးမှစာပေဝါသနာရှင် များ၊ စာပေပညာရှင်များသည် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ကာတွန်း စာမူများကို ၂၀၀၅ခုနှစ် နိုဝင်ဘာ ၂၅ရက်အတွင်း ဆိပ်ဖြူ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်စိုး နှင့် အထက်တန်းကျောင်းမှ အလယ် တန်းပြ ဆရာဦးမြင့်သန်းတို့ထံ ပေးပို့ နိုင်သည်။ (သတင်းစဉ်)

ဘဝတက်လမ်း၏ခြေလှမ်းများ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၂၄

စာရေးဆရာ ချစ်နိုင်(စိတ်ပညာ)၊ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ မဂ္ဂဇင်းဂျာနယ်များတွင် ရေးသားခဲ့သည့် ဆောင်းပါး ၁၇ပုဒ်ကို စုစည်းပြီး ဟန်ဆောင် လှည့်ဖြား သတိထား၊ တိုက်ပွဲပြင်းထန် လှသောညတစ်ည၊ ကြီးပွားတိုးတက် ကြောင်းတရား၊ စာပေရဲ့ ရိုက်ချက် စသည့် ခေါင်းစဉ်များဖြင့် လူငယ်များ သိသင့်သိထိုက်သော ဗဟုသုတတို့ကို ချိုသာပြေပြစ်စွာ အကြောင်းအကျိုး ဆက်စပ်တင်ပြထားသည်။ **(ဝဲပုံ)**

နိုင်စာပေ အမှတ်-၂၂၊ ပန်းဆိုးတန်း လမ်းမှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိကြောင်း သိရသည်။

(က-ပ)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ ဖြစ်သည်။

၂၀၀၅ ခုနှစ် ဩဂုတ်လအတွက်
(၂၈-၈-၂၀၀၅)ရက်နေ့
၂၀၀၅ ခုနှစ် စက်တင်ဘာလအတွက်
(၁၁-၉-၂၀၀၅)ရက်နေ့
နှင့်
(၂၅-၉-၂၀၀၅)ရက်နေ့

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရွှေပြည်သာမြို့နယ် ဘုရင့်နောင်လမ်းမကြီး၊ ၅/ ၃၃/၁၀ နေ ဒေါ်မိမိကြီး၊ ဦးခင်မောင်နှစ်တို့အား ရည်စူး၍ ဒေါ်သန်းသန်းနှင့် သား/သမီး မြေးတစ်စုက ငွေကျပ် နှစ်သိန်းကို အတွင်းရေးမှူး ဦးစိုးမြတ်အောင် ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အီရတ်နိုင်ငံ ဟာတ်စ်မြို့တွင် လုံခြုံရေးဆောင်ရွက်နေကြသော အမေရိကန်နှင့် အပေါင်းပါ တပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီကွေဒေါရေနံထုတ်လုပ်မှု မြှင့်တင်ရန်အခက်တွေ့ ဗင်နီဇွဲလားထံမှ အကူအညီရယူရန် ဆွေးနွေး

ကွီတို(အီကွေဒေါ) ဩဂုတ် ၂၃

အီကွေဒေါနိုင်ငံတွင် ရေနံတိုးမြှင့်ထုတ်လုပ်ရန် အခက်အခဲများတွေ့ကြုံရလျက်ရှိကြောင်း စနေနေ့သတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်နိုင်ငံသို့ ရေနံတင်ပို့နေသော တောင်အမေရိကတိုက်နိုင်ငံများတွင် ဗင်နီဇွဲလားနိုင်ငံပြီးလျှင် အီကွေဒေါနိုင်ငံသည် ဒုတိယ ရေနံတင်ပို့မှုအများဆုံးသော နိုင်ငံဖြစ်သည်။

အီကွေဒေါနိုင်ငံ၏ ရေနံတင်ပို့မှုသည် တစ်နေ့လျှင်စည်ပေါင်း ၂၀၁၀၀၀ တင်ပို့နေရာမှ အိုရီလာနာပြည်နယ်နှင့် ဆူကမ်ဘီအိုပြည်နယ်တို့တွင် ဖြစ်ပွားသော ဆန္ဒပြမှုများကြောင့် စနေနေ့တွင် တစ်နေ့လျှင်ရေနံစည်ပေါင်း ၃၃၁၆၇ သာ တင်ပို့နိုင်သော အခြေအနေသို့ ရောက်သွားကြောင်း နိုင်ငံပိုင် ရေနံထုတ်လုပ်ရေးကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ကြာသပတေးနေ့တွင် ပြောကြားသည်။

အီကွေဒေါနိုင်ငံ ရေနံထုတ်လုပ်ရေးမူလအတိုင်း ပြန်လည်ထိန်းသိမ်းနိုင်ရန်အတွက် အချိန်ကာလအားဖြင့် နိဝင်ဘာလအထိ ကြာမြင့်မည်ဖြစ်ကြောင်း ကုမ္ပဏီက ပြောကြားသည်။ အချို့ရေနံမြေများတွင် ရေနံထုတ်လုပ်မှု ပြန်လည်ပြည့်မီ လာနိုင်ရေးအတွက် အချိန်ကာလပို၍ ရှည်ကြာမည်ဖြစ်ကြောင်း ကုမ္ပဏီကဆိုသည်။

ပုဂ္ဂလိက ကုမ္ပဏီများကလည်း ရေနံထုတ်လုပ်မှုတွင် လုံးဝနီးပါးရပ်ဆိုင်းသွားသည်ဟု အီကွေဒေါဟိုက်ဒရိုကာဗွန်အဖွဲ့ဥက္ကဋ္ဌက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အီကွေဒေါနိုင်ငံ၏ အရန်ရေနံသည် ကိုးရက်စာမျှသာ ကျန်ရှိတော့ကြောင်း၊ အီကွေဒေါနိုင်ငံက ပြည်ပနိုင်ငံများသို့ ရေနံတင်ပို့မှုကို ကတိကဝတ်များအတိုင်း ပြည့်မီရေးအတွက် ဗင်နီဇွဲလားနိုင်ငံမှ ရေနံကို ချေးယူဖြည့်ဆည်းမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ ရေနံချေးယူရေးကိစ္စကို ဗင်နီဇွဲလား သမ္မတ ဟူဂိုချာဗက်ဇ်ထံမှ တယ်လီဖုန်းဖြင့် ကတိစကားကို အီကွေဒေါသမ္မတ အယ်လ်ဖရီဒိုပါလာဆီအိုက လက်ခံရရှိခဲ့သည်။ ရေနံပမာဏ မည်မျှပေးမည်ကိုမူ ယခုအချိန်ထိမဆုံးဖြတ်ရသေးကြောင်း ပါလာဆီအို၏ ပြောရေးဆိုခွင့်ရှိသူ အန်ဒရက်စ်ဆီမီ နာရီအိုက ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရုရှားတွင် ကြက်၊ ငှက်တုပ်ကွေးကြောင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း ထိခိုက်နိုင်

မော်စကို ဩဂုတ် ၂၃

လူနှင့် တိရစ္ဆာန်များ သေစေလောက်သည့် ကြက်၊ ငှက်တုပ်ကွေးရောဂါသည် ရုရှားနိုင်ငံ၏စီးပွားဖြစ် ကြက်၊ ငှက်မွေးမြူရေးလုပ်ငန်းကို ပထမဆုံးအကြိမ်အဖြစ် ထိခိုက်နိုင်ဖွယ်ရှိကြောင်း ရုရှားသတင်းဌာနက စနေနေ့တွင် ဖော်ပြလိုက်သည်။

ရုရှားနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကိုယခင်က ကျေးရွာများတွင်သာ အများအားဖြင့် တွေ့ခဲ့ရပြီး ကျေးရွာကြက်၊ ငှက်ထုတ်လုပ်ရေးလုပ်ငန်းသည် နိုင်ငံ၏ ကြက်၊ငှက်လိုအပ်ချက်ကို ဖြည့်ဆည်းရာ၌ အနည်းငယ်သာ ဖြည့်ဆည်းပေးနိုင်သည်ဟုဆိုသည်။

ရုရှားနိုင်ငံအနောက်ပိုင်း ဆိုက်ဘေးရီးယား အွမ်ဆက်ဒေသမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက မွေးမြူရေးခြံများတွင် ကြက်၊ ငှက် ၁၄၂၀၀၀ အထိ ဗိုင်းရပ်စ်ရောဂါပိုး တွေ့ရဖွယ်ရှိသည်ဟု အင်တာဖက် သတင်းဌာနက ဖော်ပြသည်။

ရုရှားတာဝန်ရှိပုဂ္ဂိုလ်များက အိပ်ချ်၅-အင်-၁ ကြက်၊ ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး ဟုတ်၊ မဟုတ် သေချာစေရန် ကြိုးပမ်းလေ့လာနေကြပြီး အွမ်ဆက်ဒေသအချို့တွင် လွန်ခဲ့သည့် ရက်သတ္တပတ်များက ယင်းရောဂါဖြစ်ပွားမှုရှိခဲ့ကြောင်း အတည်ပြုပြောကြားကာ အာရှဒေသများတွင် ဖြစ်ပွားခဲ့သော ကြက်၊ ငှက်တုပ်ကွေးရောဂါကဲ့သို့ လူများသို့ ကူးစက်မှု မရှိကြောင်း ထုတ်ပြန်ခဲ့သည်။

ယင်းရောဂါ ဖြစ်ပွားမှုကြောင့် နာမကျန်းဖြစ်သည့်ကိစ္စ မရှိခဲ့ကြောင်း၊ ကြက်၊ ငှက်အများအပြားမသေဆုံးစေရန်အတွက် စားသုံးသူအခွင့်အရေးနှင့် လူမှုဝန်ထမ်းဌာနက ကျန်းမာရေးနှင့် ယင်းရောဂါ တိုက်ဖျက်ရေး အစီအစဉ်များ ချမှတ်လုပ်ဆောင်နေကြသည်။

အမ်အင်အေ၊ရိုက်တာ။

ပီရူးတွင်လေယာဉ်ပျက်ကျ၊ လူ ၇၀ သေဆုံး

လီမာ ဩဂုတ် ၂၄

ပီရူးနိုင်ငံတွင်လေပြင်းမုန်တိုင်းကျရောက်ခြင်းကြောင့် ဘိုးရိန်း၇၃၇-၂၀၀ ဂျက်လေယာဉ်တစ်စင်းသည် ယမန်နေ့က အမေဇုန်မြို့ ပူကောလ်ပါဒေသအနီးသို့ ပျက်ကျခဲ့သည့်အတွက် လူ ၇၀ နီးပါး သေဆုံးခဲ့ရသည်ဟု ပီရူးသမ္မတ အာလီဂျန်ဒရိုတိုလီဒိုက ပြောကြားခဲ့သည်။

အဆိုပါ ဂျက်လေယာဉ်တွင် အသက်မသေဘဲကျန်ရစ်သူဦးရေမှာ ၂၀ နှင့် ၃၀ ကြားတွင်ရှိကြောင်း၊ ထိုဂျက်လေယာဉ်သည် လီမာမြို့နှင့် ပူကောလ်ပါမြို့သို့ ပျံသန်းစဉ် လေယာဉ်ပျက်ကျရခြင်းဖြစ်ကြောင်း သမ္မတတိုလီဒို၏ ပြောကြားချက်ကိုကိုးကား၍ ဒေသတွင်းသတင်းစာက ရေးသားဖော်ပြခဲ့သည်။

အစောပိုင်းတွင် ဒေသတွင်းရေဒီယိုဌာန(အာရ်ပီပီ)က ထိုဂျက်လေယာဉ်ပျက်ကျရာတွင် လူ ၆၀ ကျော်သေဆုံးခဲ့သည့်အပြင် အဆိုပါမြို့ပြလေယာဉ်တွင် လေယာဉ်အမှုထမ်း ခုနစ်ဦးနှင့် အခြားခရီးသည် ၉၃ ဦးလည်း စီးနင်းလိုက်ပါခဲ့ကြောင်း သတင်းထုတ်လွှင့်ခဲ့သည်။

အခင်းဖြစ်ပွားမှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၂၄ ဦးရှိပြီး၊ ၎င်းတို့ကို ပူကောလ်ပါဒေသရှိ ပြည်သူ့ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း ဖော်ပြသွားသည်။

အဆိုပါအဖြစ်အပျက်ကြောင့် ဒုက္ခရောက်ခဲ့ကြသူများကို လိုအပ်သည့် အကူအညီများအားလုံး ထောက်ပံ့ပေးသွားမည်ဖြစ်သည်ဟု သမ္မတတိုလီဒိုက ပြောကြားခဲ့သည်။

ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း အနီးကပ်ကြည့်ရှု ဆောင်ရွက်လျက်ရှိကြောင်း ၎င်းကထပ်မံပြောဆိုခဲ့သည်။

တစ်ချိန်တည်းမှာပင် အဆိုပါလေယာဉ်ကြောင့် သေဆုံးသူ၊ ဒဏ်ရာရရှိသူများ၏ ဆွေမျိုးသားချင်းများသည်လည်း ပူကောလ်ပါလေဆိပ်သို့ ရောက်ရှိလာကြပြီဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရ

ဘဂ္ဂဒက် ဩဂုတ် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်းတွင် အမေရိကန် လှည့်ကင်းအား ပစ်မှတ်ထားကာ တနင်္လာနေ့က တိုက်ခိုက်သည့် ကားဗုံးဖောက်ခွဲမှုကြောင့် ကလေးငယ်နှစ်ဦးသေဆုံးပြီး လူခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ထိခိုက်ဒဏ်ရာရရှိသူများတွင် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးပါဝင်သည်ဟု ဆိုသည်။

အမေရိကန်တပ်ဖွဲ့၏ လှည့်ကင်းမော်တော်ယာဉ်သည် ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်းဒေသရှိ အယ်လ်-ရေဘီလမ်းမပေါ် ဖြတ်သန်းမောင်းနှင်စဉ် ကားဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ကလေးငယ်နှစ်ဦးသေဆုံးခဲ့ကာ လူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ယင်းပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အမေရိကန်ဟမ်းဗီးမော်တော်ယာဉ်တစ်စီး ပျက်စီးသွားခဲ့သည်ဟု သတင်းရပ်ကွက်က ထပ်လောင်းပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုကြောင့် အရပ်သားပိုင်မော်တော်ယာဉ်ငါးစီးနှင့် အနီးအပါးရှိ အဆောက်အအုံ အများအပြား ပျက်စီးသွားခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်ရဲတပ်ဖွဲ့ဝင်ရှစ်ဦး လိုက်ပါလာသောကား ဘဂ္ဂဒက်မြောက်ပိုင်း၌ ချုံခိုတိုက်ခိုက်ခံရ

ဘဂ္ဂဒက် ဩဂုတ် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်းဒေသရှိ တာမီယာဒေသမှ ရဲတပ်ဖွဲ့ဝင်ရှစ်ဦး လိုက်ပါလာသည့် မော်တော်ယာဉ်ငယ်တစ်စီးကို လက်နက်ကိုင်များက တနင်္လာနေ့က ချုံခိုတိုက်ခိုက်ရာ ရဲတပ်ဖွဲ့ဝင်အားလုံး သေဆုံးကြရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အရပ်ဝတ်အရပ်စားများ ဝတ်ဆင်လာသည့် ရဲတပ်ဖွဲ့ဝင်များက တာမီယာရဲဌာနတွင် အလုပ်ဆင်းရန်အတွက် မော်တော်ယာဉ်စီးနင်းလိုက်ပါလာစဉ် လက်နက်ကိုင်များက သေနတ်များဖြင့် ပစ်ခတ်ကြခြင်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ထိုတိုက်ခိုက်မှုကြောင့် ယင်းမော်တော်ယာဉ်ပေါ် စီးနင်းလိုက်ပါသည့် အရပ်သားသုံးဦးနှင့် ယာဉ်မောင်းတို့ ဒဏ်ရာရရှိသွားခဲ့သည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။ အဆိုပါ တိုက်ခိုက်မှုသည် ရဲဌာနနှင့် တစ်ကီလိုမီတာခန့်သာ ကွာဝေးသည့်နေရာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိသူများအား ဘဂ္ဂဒက်မြောက်ပိုင်းရှိ ကက်ဟူမီယာဆေးရုံသို့ ရွှေ့ပြောင်းထားသည်ဟု သတင်းရပ်ကွက်က ဆက်လက်ပြောကြားသည်။

ရှီးယိုက်လွှမ်းမိုးသည့် အီရတ်အစိုးရအား ကမောက်ကမဖြစ်စေရန် ကြိုးပမ်းသည့်အနေဖြင့် စစ်သွေးကြွများက အီရတ်တာဝန်ရှိပုဂ္ဂိုလ်များနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား မကြာခဏ ပြန်ပေးဆွဲတိုက်ခိုက်လျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ

ကျူးဘားနှင့် ပနားမား သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်

ဟာဗားနား ဩဂုတ် ၂၃

ကျူးဘားနိုင်ငံနှင့် ပနားမားနိုင်ငံတို့သည် သံတမန်ဆက်ဆံရေးများကို စနေနေ့တွင် ပြန်လည်ထူထောင်ကြသည်။ ကျူးဘားနိုင်ငံဖွား အမေရိကန်နိုင်ငံသား လေးဦးက ကျူးဘားသမ္မတ ဖီဒလ် ကက်စ်ထရိုအား လုပ်ကြံရန် ကြံစည်ခဲ့သည့် အမှုတွင် ပနားမားနိုင်ငံက ၎င်းတို့ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် ဆုံးဖြတ်ခဲ့ပြီးနောက် သံတမန်ဆက်ဆံရေးများ တစ်နှစ်ကြာမျှ ပြတ်တောက်ခဲ့ကြသည်။

လဲလှယ်

ကျူးဘားနိုင်ငံခြားရေးဝန်ကြီး ဖီလီဖီးပီရီဇ်ရိုကွီနှင့် ပနားမားနိုင်ငံ၏ ဒုတိယနိုင်ငံခြားရေးဝန်ကြီး ရီကာဒိုဒူရန်တို့သည် နှစ်နိုင်ငံသံတမန် စာချွန်လွှာများကို လဲလှယ်ခဲ့ကြသည်။

ပြတ်တောက်

၂၀၀၀ ပြည့်နှစ်တွင် ကျူးဘားသမ္မတကက်စ်ထရိုကို လုပ်ကြံရန်ကြံစည်ခဲ့သူလေးဦးကို ထိုအချိန်က ပနားမားသမ္မတဖြစ်သူ မီရီရာမော့စ်ကိုဆိုက လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့သည်။ ယင်းနောက်တွင် လွန်ခဲ့သည့်နှစ် ဩဂုတ် ၂၆ ရက်၌ ပနားမားနိုင်ငံနှင့် ကျူးဘားနိုင်ငံတို့၏ သံတမန် ဆက်ဆံရေး ပြတ်တောက်ခဲ့သည်။

တောင်းဆို

၎င်းတို့လေးဦးကို ဟာဗားနားသို့ လွှဲပြောင်းပေးရန် တောင်းဆိုခဲ့သော်လည်း သမ္မတမော့စ်ကိုဆို အစိုးရက အဆိုပါတောင်းဆိုချက်ကို ပယ်ချခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အနောက်ဘက် ဂျာမီအာအရပ်တွင် ဩဂုတ် ၂၂ ရက်က ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသွားသူ တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)



နယ်သာလင်နိုင်ငံတွင် ကြက်၊ ငှက်တုပ်ကွေး ဖြစ်ပွားပြီး သေဆုံးသွားသော ကြက်၊ ငှက်များအား ဖယ်ရှားရှင်းလင်းနေသည်ကို ဩဂုတ် ၂၂ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ငြိမ်းချမ်းရေးသဘောတူညီချက်ရရှိပြီးချိန်နောက်ပိုင်း အာချေးသူပုန်နှင့် အစိုးရတပ်ဖွဲ့တို့ ပထမဆုံးတွေ့ဆုံ

ဘန်ဒါအာချေး (အင်ဒိုနီးရှား) ဩဂုတ် ၂၃

ဆူနာမီရေလှိုင်းဒဏ်သင့်ခဲ့သော အင်ဒိုနီးရှားနိုင်ငံအာချေးဒေသတွင် အင်ဒိုနီးရှားအာချေး သောင်းကျန်းသူများနှင့် အင်ဒိုနီးရှား အစိုးရတပ်ဖွဲ့မှ တာဝန်ရှိသူများ ဩဂုတ် ၂၂ရက်က ပြန်လည်တွေ့ဆုံစည်းဝေးကြပြီး ငြိမ်းချမ်းရေးဆိုင်ရာကိစ္စများကိုဆွေးနွေးကြသည်။

ထိုငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဥရောပနှင့်အရှေ့တောင်အာရှဒေသမှ ကြားဝင်စေ့စပ်ပေးသူများက ပါဝင်ညှိနှိုင်းပေးခဲ့ကြခြင်းဖြစ်ပြီး အခြေအနေမှာအလားအလာကောင်းကြောင်း သတင်းများက ဖော်ပြသည်။

ပထမဆုံးအကြိမ် ပြန်လည်တွေ့ဆုံသော ယခုငြိမ်းချမ်းရေးဆွေးနွေးပွဲ၏ အနေအထားမှာ အလွန်မှပင်ကောင်းမွန်ပါကြောင်း ဆွေးနွေးပွဲ ဦးဆောင်ကြီးကြပ် ညှိနှိုင်းပေးရေးအဖွဲ့၏ အကြီးအကဲ ပီတာဖိတ်က ပြောကြားသည်။

လက်မှတ်ရေးထိုး

အာချေးလက်နက်ကိုင်များနှင့် အင်ဒိုနီးရှားအစိုးရ ကိုယ်စားလှယ်များသည် ဩဂုတ် ၁၅ရက်က ဖင်လန်နိုင်ငံတွင် တွေ့ဆုံညှိနှိုင်းကြပြီး သဘောတူညီမှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုသဘောတူညီမှုတွင် ရရှိခဲ့သောအချက်အလက်များကို နှစ်ဖက်စလုံးက ဖြည့်ဆည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယခု အစည်းအဝေးတွင် ထပ်မံ အာမခံခဲ့ကြသည်ဟု ဖိတ်က ဆက်လက်ပြောကြားသည်။

၁၇၀၀၀၀ခန့်သေဆုံး

အရှေ့တောင် အာရှဒေသတွင် ၂၀၀၄ ခုနှစ်ဒီဇင်ဘာလ ၂၆ ရက်က ဆူနာမီ ဘေးဒဏ်သင့်သည့်အတွက် အာချေးဒေသတွင် လူပေါင်း ၁၇၀၀၀၀ ခန့် သေဆုံးခဲ့ရသည်။ ထိုကိစ္စပေါ်ပေါက်ပြီးနောက်ပိုင်း အာချေးနှင့် အင်ဒိုနီးရှားတို့ ငြိမ်းချမ်းရေးဆွေးနွေးရန် အခွင့်အလမ်းများ ပွင့်လာခြင်း ဖြစ်ကြောင်း သိရသည်။

အာချေးတာဝန်ရှိသူများနှင့် အင်ဒိုနီးရှားအစိုးရတို့ တွေ့ဆုံကြသော ယခု အစည်းအဝေးသည် အပြုသဘောဆောင်သော အခြေအနေရှိသည် ဆိုသည့်အမြင်ကို အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ဆိုဖြန်ဒီဂျာလီကလည်း ထုတ်ဖော် ပြောကြားသော်လည်း အသေးစိတ်ကိုမူ ၎င်းက ပြောကြားခြင်းမရှိကြောင်းသိရသည်။

အမ်အင်အေ၊ရိုက်တာ။

စိတ်ရောဂါအထူးကုဆရာဝန်များထိုင်းနိုင်ငံတွင်လိုအပ်

ဗန်ကောက် ဩဂုတ် ၂၃

ထိုင်းနိုင်ငံတွင် တိုးပွားများပြားလာသည့် စိတ်ရောဂါသည်များကို ကုသပေးရန် စိတ်ရောဂါ အထူးကုဆရာဝန် အများအပြား လိုအပ်လျက်ရှိကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ကြေညာသည်။

နိုင်ငံရှိ လူဦးရေ ၆၅ သန်းအတွက် စိတ်ရောဂါ အထူးကုဆရာဝန် ၁၀၀၀ လိုအပ်လျက်ရှိရာ ယခုအခါ တစ်နိုင်ငံလုံးတွင် ၃၀၀မျှပင်မရှိကြောင်း စိတ်ကျန်းမာရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် အပီချိုင်းမွန်ကိုးက ပြောကြားသည်။

ယခင်က တစ်နှစ်လျှင် စိတ်ရောဂါ အထူးကုဆရာဝန်သစ် ငါးဦးကိုသာ သင်တန်း ပို့ချပေးလျက်ရှိရာ ယခုအခါ ၂၀ အထိ တိုးမြှင့်သင်တန်း ပို့ချပေးလျက်ရှိကြောင်း အပီချိုင်း၏ ပြောကြားချက်ကို ကိုးကားလျက် ဗန်ကောက်ပို့စ်သတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယလေကြောင်းနှင့် အာကာသလုပ်ငန်းတိုးတက်လာ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာ့လေယာဉ်ဈေးကွက်သို့ ဝင်ရောက်ဖွယ်ရှိ

ဘန်ဂလို ဩဂုတ် ၂၃

အိန္ဒိယနိုင်ငံတွင် ယခုအခါ လေကြောင်းနှင့် အာကာသကဏ္ဍတွင် အခြေခံအဆောက်အအုံနှင့် လူသားအရင်းအမြစ်များ အားကောင်းစွာရှိနေပြီဖြစ်ကြောင်း၊ ထိုစွမ်းအားများကို အသုံးပြုဆောင်ရွက်ခြင်းဖြင့် ခရီးသည် ၁၅၀ လိုက်ပါနိုင်သော ဂျက်လေယာဉ်များကိုပင် တည်ဆောက်နိုင်သော အခြေအနေကို အိန္ဒိယနိုင်ငံတွင် ပိုင်ဆိုင်ထားမည်ဖြစ်သည်ဟု သမ္မတအေပီဂျေအဗ္ဗဒူခါလမ်က စနေနေ့တွင် ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံတွင် လေကြောင်းနှင့် အာကာသပညာကဏ္ဍတွင် အင်ဂျင်နီယာနှင့် ကျွမ်းကျင်သူ ပညာရှင် ၃၀၀၀၀၀ ကျော်ရှိပြီး အခြေခံအဆောက်အအုံ အရင်းအနှီးအင်အားမှာလည်း တန်ဖိုးအားဖြင့် ရူပီးဘီလီယံ ၂၀၀ ကျော် ရှိနေပြီဖြစ်သည်။

အိန္ဒိယအမျိုးသားအဆင့်မြင့် နည်းပညာလေ့လာရေးဌာနတွင်ကျင်းပသော ဂျေအာရ်ဒီတာတာ အထိမ်းအမှတ်ဟောပြောပွဲ၌ ပြောကြားရာတွင် သမ္မတအဗ္ဗဒူခါလမ်က အထက်ပါအတိုင်း ထည့်သွင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ဖော်ပြပါ အင်အားများကို အညီအညွတ်ပေါင်းစပ်ကျင့်သုံးခြင်းအားဖြင့် နိုင်ငံ၏ မြို့ပြလေကြောင်းနှင့် ကာကွယ်ရေးဆိုင်ရာလေကြောင်းအင်အားများကို တိုးတက်အောင် ဆောင်ရွက်သွားရန် လိုအပ်ကြောင်းကိုလည်း သမ္မတက ထောက်ပြသွားသည်။

အိန္ဒိယနိုင်ငံ၏ လေကြောင်းလုပ်ငန်း လျင်မြန်စွာ တိုးတက်လာခြင်းကြောင့် ၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၏ လေကြောင်းနှင့် အာကာသလုပ်ငန်းသည် ခရီးသည် ၃၀၀ကျော် တင်ဆောင်နိုင်သော လေယာဉ်အစင်း ၆၀၊ လူ ၂၀၀ ကျော် လိုက်ပါနိုင်သော လေယာဉ်အစင်း ၃၀၊ လူ ၁၅၀ကျော်လိုက်ပါနိုင်သောလေယာဉ် အစင်း ၇၀ နှင့် လူ ၁၀၀ ကျော် လိုက်ပါနိုင်သော လေယာဉ် ၆၅ စင်း လိုအပ်လာမည်ဖြစ်ကြောင်း ပညာရှင်များ၏ လေ့လာချက်ကို ကိုးကား၍ သမ္မတက ပြောကြားခဲ့သည်။

အလားတူစွာပင် ၂၀၂၀ ပြည့်နှစ်ကာလတွင် ကမ္ဘာ့လေယာဉ် တင်ပို့မှုဈေးကွက်တွင်လည်း လူ ၁၀၀ ကျော် လိုက်ပါနိုင်သော လေယာဉ်အစင်း ၂၈၀ ခန့် လိုအပ်မည်ဖြစ်သည်။ ထိုအချိန်တွင် အိန္ဒိယနိုင်ငံသည် ခရီးသည် ၁၅၀ တင်ဆောင်နိုင်သော လေယာဉ်များကို ထုတ်လုပ်ကာဈေးကွက်တွင် ဝင်ရောက်ယှဉ်ပြိုင် နိုင်စွမ်းရှိစရာ အခြေအနေတွင် ရောက်နေမည်ဟု အိန္ဒိယသမ္မတက ဟောကိန်းထုတ်ပြောကြားခဲ့သည်။

အမ်အင်အေ၊ပီတီအိုင်။

ပါကစ္စတန်နိုင်ငံသူ ငါးမြွှာပူးမွေးဖွား

အစ္စလမ္မာဘတ် ဩဂုတ် ၂၃

ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့တောင်ဘက် ကီလိုမီတာ ၃၅၀ ခန့်အကွာရှိ ဖိုင်ဘာလာဘတ်မြို့မှ ဆေးခန်းတစ်ခန်းတွင် ပါကစ္စတန်နိုင်ငံသူ တစ်ဦးက ယောကျာ်းလေးတစ်ဦးနှင့် မိန်းကလေး လေးဦးပါဝင်သော ငါးမြွှာပူးကို တနင်္ဂနွေနေ့က မွေးဖွားခဲ့ကြောင်းဖြင့် ပါကစ္စတန်သတင်းဌာနက ဖော်ပြသည်။

ဆရာဝန် ခါလစ်ဦးဆောင်သည့် ထိပ်တန်းဆရာဝန်များ ပါဝင်သည့် အဖွဲ့က ကြီးကြပ်၍ မွေးဖွားပေးခဲ့ကြခြင်းဖြစ်သည်။ ကလေးများ၏ ဖခင်သည် အမေရိကန်ပြည်ထောင်စုတွင် ရောက်ရှိနေပြီး မိခင်ဖြစ်သူမှာ မီးယပ်ရောဂါ၊ လည်မျို အဆီဖုရောင်ရောဂါနှင့် ဆီးရောဂါများ ခံစားနေရသည်။

မိခင်ဖြစ်သူသည် ရက်သတ္တပတ် ၃၀ ကြာမျှ ကိုယ်ဝန်ဆောင်ခဲ့ရပြီး သွေးသွန်မှုကြောင့် အချိန်မတိုင်မီ ခွဲစိတ်မွေးဖွားခဲ့ရခြင်းဖြစ်သည်။

၎င်းမိခင်အနေဖြင့် မေ့ဆေးအရှိန်မပြယ်သေးကြောင်း ဆရာဝန်ဆာမီနာက ပြောကြားသည်။

ပြင်ပအပူအအေးဒဏ်ကို ခံနိုင်စေရန်အတွက် လမစေ့ဘဲမွေးလာသည့် ၎င်းကလေးငယ်များအား အင်ကျူဘေတာခေါ် အနွေးပေါင်းချောင်များတွင် လာမည့်ရက် သတ္တပတ်အတန် ကြာမြင့်သည်အထိ ဆက်လက်ထားရှိမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

လုံခြုံရေးကောင်စီတိုးချဲ့ရေး ဂျပန်ပြန်လည်သုံးသပ်မည်

တိုကျို ဩဂုတ် ၂၃

ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများအဖြစ် ရပ်တည်လာနိုင်ရေးအတွက် အခြားသော နိုင်ငံသုံးနိုင်ငံနှင့်အတူ တင်သွင်းခဲ့သည့် အဆိုပြုချက်တစ်ရပ်အား ကုလသမဂ္ဂ အထွေထွေညီလာခံက အတည်ပြုချမှတ်လာစေရန် ကြိုးပမ်းနေမှုများကို ဂျပန်နိုင်ငံက ပြန်လည် ရုပ်သိမ်းမည် ဖြစ်ကြောင်း ဆန်ကေးရှင်ဘွန်းသတင်းစာက တနင်္ဂနွေနေ့တွင်ရေးသား ဖော်ပြသည်။

ကုလသမဂ္ဂလုံခြုံရေး ကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် ရွေးချယ်တင်မြှောက်ခံနိုင်ရေးအတွက် ကြိုးပမ်းနေသည့် မဟာဗျူဟာကို ပြန်လည်သုံးသပ်သွားမည်ဖြစ်ကြောင်း အဆိုပါ ဂျပန်သတင်းစာတွင် ဖော်ပြထားသည်။

တင်သွင်း

ဂျီ-၄ အုပ်စု ဟု အမည်တွင်သည့် ဂျပန်၊ ဘရာဇီး၊ဂျာမနီနှင့် အိန္ဒိယနိုင်ငံတို့သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို အမြဲတမ်းအဖွဲ့ဝင် ခြောက်နိုင်ငံ၊ အလှည့်ကျအဖွဲ့ဝင် လေးနိုင်ငံတို့ဖြင့် တိုးချဲ့ဖွဲ့စည်းရန် ဖော်ပြသော အစီအစဉ်တစ်ရပ်ကို တင်သွင်းခဲ့ကြသည်။

မှေးမှိန်

သို့ရာတွင် လုံခြုံရေးကောင်စီတိုးချဲ့ဖွဲ့စည်းရေး ဂျီ-၄အုပ်စု၏ အဆိုပြုချက်ကိုအဖွဲ့ဝင် ၁၉၁ နိုင်ငံပါဝင်သော ကုလသမဂ္ဂ အထွေထွေညီလာခံက မဲခွဲသည့်အခါ အတည်ပြုရန် လုံလောက်သော ကောင်စီမဲသုံးပုံနှစ်ပုံကို ရရှိရန် အလားအလာများမှေးမှိန်နေခြင်းကြောင့် ဂျပန်နိုင်ငံ၏ ရပ်တည်ချက်ပြောင်းလဲသွားပုံရကြောင်း သတင်းစာတွင် ရေးသားထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံတွင် မြေပြိုမှုများဖြစ်ပွား မိုးသက်မုန်တိုင်းများ တိုက်ခတ်

ပေကျင်း ဩဂုတ် ၂၃

တရုတ်နိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ၁၅ဦး ထက်မနည်းသေဆုံးခဲ့ရကြောင်း၊ မိုးသက်မုန်တိုင်းများ တိုက်ခတ်မှုကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများထိခိုက်ခဲ့ရပြီး ရေလှောင်တမံများတွင် ရေလျှံလျက်ရှိကြောင်း တနင်္လာနေ့ မီဒီယာသတင်းများတွင် ဖော်ပြသည်။

တရုတ်နိုင်ငံတောင်ပိုင်း ရှင်ကျန့်နှင့်တုန်ကျွမ်းမြို့တို့သည်မြေပြိုမှုဘေးဒဏ်ကို အဆိုးရွားဆုံးခံစားရသည့်မြို့များဖြစ်ကြောင်း၊ ရှင်ကျန့်မြို့အနီးတစ်ဝိုက်ဒေသများတွင် မြေပြိုမှုများကြောင့် ပြီးခဲ့သည့် ရက်သတ္တပတ်ကုန်က ရှစ်ဦး သေဆုံးခဲ့ရကြောင်း ချိုင်းနားဒေလီသတင်းစာက ရေးသားဖော်ပြသည်။

ရှင်ကျန့်မြို့ရှိ မြို့လယ်ဒေသတွင် ရေလွှမ်းမိုးမှု ဖြစ်ပွားနေခြင်းကြောင့် ကူးသန်းသွားလာမှုများထိခိုက်ရကြောင်း၊ မော်တော်ကားများနှင့် ဘတ်စ်ကားများမှာ ရေထဲတွင် ပိတ်မိနေကြောင်း သတင်းစာတွင် ဖော်ပြသည်။

တုန်ကျွမ်းမြို့ရှိ နယ်မြေဒေသ ၁၀ခု ထက်မနည်းမှာရေလွှမ်းမိုးလျက်ရှိကြောင်း၊ တစ်ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း သိရှိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***



အင်ဒိုနီးရှားနိုင်ငံတွင် ရိုးရာအကပွဲဆင်နွှဲရာ၌ မြင်းသဏ္ဍာန် အလှဆင်ထားသော ကူဒါလမ်ပင်ခေါ် မြင်းအကဖြင့် ဖျော်ဖြေနေသော ကချေသည်တစ်ဦးကို ဩဂုတ် ၂၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ပန်းပျိုးသောလက်များ

မျိုးလေး

မေတ္တာဟူသည်ကား အကျိုးလိုလားသော စိတ်ထားဖြစ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ မေတ္တသုတ်မှာ မိခင်ကတစ်ဦးတည်းသော သားကလေး အပေါ်ထားသည့် ချစ်စိတ်မျိုးကို မေတ္တာစိတ်ဟု ညွှန်းတော်မူပါတယ်။ ယနေ့မြန်မာအမျိုးသမီး မေတ္တာရှင်များသည် မြန်မာနိုင်ငံ၏ လူဦးရေ ထက်ဝက်ကျော်မျှရှိတဲ့ မြန်မာအမျိုးသမီးထုကြီးရဲ့အကျိုးကို လိုလားသောစိတ်ဖြင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေး၊ ကာကွယ်စောင့်ရှောက်ရေး၊ ပြုစုပျိုးထောင်ရေးစတဲ့ အမျိုးသမီးများ ဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်တဲ့ လုပ်ငန်းစဉ်များကို အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိကြတဲ့အတွက် ပန်းပျိုးသောလက်များလို့ ကျွန်မကတင်စားလိုက်ရခြင်း ဖြစ်ပါတယ်။

ယနေ့အမျိုးသမီးထုတစ်ရပ်လုံးကို ဦးဆောင်ဦးရွက်ပြုပြီး အမျိုးသမီးများ၏ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိတဲ့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဟာ ရှေ့လုပ်ငန်းစဉ်များကို စနစ်တကျချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အနှောင့်အယှက် အဟန့်အတားဖြစ်စေတဲ့ အမျိုးသမီးများအား အကြမ်းဖက်မှု၊ အမျိုးသမီးများနှင့် ကလေးများအား လူကုန်ကူးမှု စသည့်လုပ်ရပ်များကို တိုက်ဖျက်နှိမ်နင်းရန်၊ အမျိုးသမီးများအား ယင်းလုပ်ရပ်များ၏ သားကောင်အဖြစ် မကျရောက်စေရေးအတွက် ကာကွယ်စောင့်ရှောက်ရန်နှင့် သားကောင်အဖြစ် ကျရောက်ရသော အမျိုးသမီးများအား ပြန်လည်ထူထောင်ပေးရန် စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏အောက်မှာ **အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့** ကို ဖွဲ့စည်းပေးထားပါတယ်။

မြန်မာနိုင်ငံမှာ အမျိုးသမီးများအား အကြမ်းဖက်မှုဟာ အမျိုးသားရေးပြဿနာတစ်ရပ် မဟုတ်သော်လည်း အကြမ်းဖက်ခံရမှုရှိခဲ့ပါက အမျိုးသမီးများ၏ ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်စေခြင်းမှ အစပြုပြီး နောက်ဆက်တွဲဆိုးကျိုးများစွာ ဖြစ်ပေါ်စေနိုင်တဲ့အတွက် အမျိုးသမီးများအားအကြမ်းဖက်မှုမှ ကာကွယ်ရေးလုပ်ငန်းကို ကဏ္ဍတစ်ရပ်အဖြစ် ဦးစားပေးဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အကြမ်းဖက်မှုဆိုင်ရာမှာ ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဟူ၍ နှစ်မျိုးနှစ်စားခွဲခြားနိုင်ပြီး အဲဒီအကြမ်းဖက်မှုကို ထပ်မံခွဲခြားကြည့်ပါက မိသားစုအတွင်း အကြမ်းဖက်မှုနှင့် လူနေမှု အသိုင်းအဝိုင်းအတွင်း အကြမ်းဖက်မှုတို့ကို တွေ့ရှိနိုင်ပါတယ်။ အကြမ်းဖက်မှုမဖြစ်ပေါ်မီ ကြိုတင်တားဆီးကာကွယ်နိုင်ရေးအတွက် အကြမ်းဖက်မှုရဲ့ သဘောသဘာဝနဲ့ နောက်ဆက်တွဲ ဆိုးကျိုးများကို အသိပညာပေး ဟောပြောခြင်း၊ အကြမ်းဖက်မှုကို ဖြစ်ပေါ်စေရန် လှုံ့ဆော်သော အခြေအနေများကို ကြိုတင်တားဆီး ကာကွယ်ခြင်းလုပ်ငန်းများဖြစ်တဲ့ ညစ်ညမ်း ဗီဒီယိုကားများ ပြသခြင်းမပြုရန် တားမြစ်ခြင်း၊ သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာတို့၌ လုံခြုံရေးအစီအစဉ်များ ချထားပေးခြင်း၊ အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် ဥပဒေပြဋ္ဌာန်းချက်များ အပါအဝင် အမျိုးသမီးငယ်များ မိမိကိုယ်မိမိ ကာကွယ်စောင့်ရှောက်တတ်စေရန် အသိပညာပေးခြင်းနှင့် ကိုယ်ခံပညာများ သင်ကြားလေ့ကျင့်ပေးခြင်း၊ အကြမ်းဖက်မှုဖြစ်ရခြင်း၏ အကြောင်းရင်းကို ဖော်ထုတ်အဖြေရှာ၍ နှစ်သိမ့်ဆွေးနွေး ပညာပေးခြင်းစတဲ့လုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ နှစ်သိမ့်ဆွေးနွေးအကြံပေးဌာနများ ဖွင့်လှစ်ခြင်း၊ နည်းစနစ်ကျနမှန်ကန်တဲ့ နှစ်သိမ့်ဆွေးနွေးအကြံပေးမှုဖြစ်စေရန် လိုအပ်သည့် သင်တန်းများပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အကြမ်းဖက်ခံရသည့် အမျိုးသမီးများ၏ တိုင်ကြားစာများကိုစိစစ်ပြီး အရေးယူဆောင်ရွက်ပေးခဲ့သည်မှာလည်း အမျိုးသမီးထုအတွက် အားကိုးဖွယ်ရာ ဖြစ်ပါတယ်။

အခြားလုပ်ငန်းတစ်ရပ်ကတော့ လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်း ဖြစ်ပါတယ်။ အထူးသဖြင့် အမျိုးသမီးများနဲ့ ကလေးများကို သွေးဆောင်ဖြားယောင်းပြီး သိမ်းသွင်းစုဆောင်းကာ လူကုန်ကူးခေါင်းပုံဖြတ်နေကြတဲ့ စက်ဆုပ်ရွံရှာဖွယ်ရာ လုပ်ရပ်ကြီးမှ အကာအကွယ်ပေးဖို့ ဘက်ပေါင်းစုံက ဆောင်ရွက်နေကြပါတယ်။ လူကုန်ကူးခြင်း ဖြစ်စဉ်သည် ဆန်းသစ်တဲ့ ဖြစ်စဉ်မဟုတ်ပါ။ လွန်ခဲ့တဲ့နှစ် ရာစုများစွာကပင် ကမ္ဘာတစ်ဝန်းမှာ ပေါ်ပေါက်ခဲ့ပါတယ်။ လူကုန်ကူးခြင်းသည် ခေတ်သစ်ကျေးကျွန်စနစ်ဖြစ်ပြီး လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ခန့်ကစ၍ ကမ္ဘာနှင့်အဝန်း ပြန်လည် ရှင်သန်လာခြင်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ခေါင်းပုံဖြတ်လိုသူများက လူတွေကို လိမ်လည်လှည့်ဖြား စုဆောင်းခေါ်ဆောင်ပြီး ကျွန်ပြုဖို့၊ ပြည့်တန်ဆာအဖြစ် ကျရောက်စေဖို့၊ ဟန်ဆောင်လက်ထပ်ထိမ်းမြားကာ လိင်ဆိုင်ရာ ဖျော်ဖြေမှုတွေမှာ ခိုင်းစေဖို့၊ မွေးစားဟန်ပြုပြီး ကလေးတွေရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေ ထုတ်ယူရောင်းစားဖို့စတဲ့ လုပ်ရပ်တွေမှာ အသုံးချနိုင်ဖို့ ရောင်းစားပြီး အချို့ဆိုရင် ဒီလိုပြစ်မှုမျိုးတွေကို ဂိုဏ်းဖွဲ့ပြီး နယ်စပ်ဖြတ်ကျော်ကျူးလွန်ကြတာတွေအထိ ရှိကြပါတယ်။

ကျွန်မတို့ မြန်မာအမျိုးသမီးကလေးတွေ ဒီလိုဖြစ်ရပ်ဆိုးတွေမှာ မကျရောက်ရအောင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်မှ တာဝန်ရှိသူများက ကြိုတင်ကာကွယ် တားဆီးမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ လူကုန်ကူးမှုရဲ့ သဘောသဘာဝနဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေကို အမျိုးသမီးလေးများ သိရှိအောင် ပညာပေးမှုတွေ၊ ဟောပြောဆွေးနွေးမှုတွေကို ကျေးလက်ဒေသ၊ နယ်စပ်ဒေသများပါမကျန် ဆောင်ရွက်လျက်ရှိပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ညှိနှိုင်းပြီး နယ်စပ်ဒေသ ထွက်ပေါက်တွေမှာ ကာကွယ်တားဆီးကြပ်မတ်တဲ့ အစီအမံများ ချမှတ်ဆောင်ရွက်နေပါတယ်။ ဒါကြောင့်လည်း အချိန်မီ ကာကွယ်တားဆီးနိုင်ခဲ့တဲ့ဖြစ်ရပ်တွေ အများအပြားရှိခဲ့ပါတယ်။ တစ်ဖက်ကလည်း ရပ်မိရပ်ဖ၊ မိဘပြည်သူများရဲ့အကူအညီနဲ့ လူကုန်ကူးသူများ၊ ပွဲစားများကို

> **အမျိုးသမီးလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ အနာဂတ်နိုင်ငံတော်ကြီးအတွက် အင်အားတစ်ရပ်ဖြစ်တာမို့ အမျိုးသမီးငယ်ရွယ်လေးများ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကိုလည်း အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့အတွင်းမှာ ချိတ်ဆက် ဆောင်ရွက်လျက် ရှိပါတယ်။**

အချိန်မီဖော်ထုတ် အရေးယူမှုတွေ လည်း ရှိခဲ့ပါတယ်။ ကျူးလွန်ပြီး ဖမ်းဆီးရမိတဲ့ ဖြစ်စဉ်တွေမှာလည်း လူကုန်ကူးသူများကို ထိရောက်ပြင်းထန်တဲ့ ပြစ်ဒဏ်တွေကျခံစေခြင်းဖြင့် နောင်ထပ်မံ မကျူးလွန်ဝံ့အောင်၊ တစ်နည်းအားဖြင့် လူကုန်ကူးမှု လျော့နည်းပပျောက်အောင် ဆောင်ရွက်လျက်ရှိပါတယ်။

အကြောင်းကြောင်းကြောင့် လူကုန်ကူးခံခဲ့ရတဲ့ အမျိုးသမီးငယ်လေးများကိုလည်း အခြားနိုင်ငံ ရောက်ရှိသွားရင် စနစ်တကျပြန်လည်လက်ခံတာတွေ၊ နွေးထွေးစွာကြိုဆိုပြီး ပြန်လည်ထူထောင်ပေးတာတွေ၊ လူမှုအသိုင်းအဝိုင်းအတွင်း ပြန်လည်ဝင်ဆံ့အောင် ပြန်လည်ပေါင်းစည်းပေးတာတွေကို အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့က စနစ်တကျ ဆောင်ရွက်လျက်ရှိပါတယ်။ အမျိုးသမီးလေးများဟာ စိတ်အားဖြင့် နုနယ်တဲ့ အရွယ်ဖြစ်လို့ စိတ်ပိုင်းဆိုင်ရာ အနာတရဖြစ်လာရင် နှစ်သိမ့်ဆွေးနွေးမှုတွေ အပါအဝင် ကုစားမှုနည်းလမ်း အသွယ်သွယ်နဲ့ ပြန်လည်ထူထောင်ပေးခဲ့ပါတယ်။ ဒါ့အပြင် ကျွမ်းကျင်မှုအခြေခံတဲ့ အသက်မွေးဝမ်းကျောင်းပညာတွေသင်ကြားပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးခြင်း၊ အရင်းအနှီး မတည်ထူထောင်ပေးခြင်းစတာတွေကို လုပ်ဆောင်ပေးလျက်ရှိပါတယ်။ မိဘရင်ခွင်ကို ပြုံးပျော်ရွှင်လန်းစွာ ပြန်လည်ရောက်ရှိသွားတဲ့ အမျိုးသမီးငယ်လေးတွေကို တွေ့မြင်ရတာဟာ ကျွန်မတို့ မေတ္တာရှင်အမျိုးသမီးများရဲ့ အောင်မြင်မှုရလဒ်မဟုတ်ပါလားရှင်။ အဆင့်အတန်းမရွေး၊ အသက်အရွယ်မရွေး ကျွန်မတို့ မြန်မာအမျိုးသမီးလေးတွေ အန္တရာယ်မကျရောက်အောင် ကာကွယ်စောင့်ရှောက်ဖို့၊ သူတို့လေးတွေရဲ့ဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်ဖို့ နိစ္စဓူဝဆောင်ရွက်နေကြတာဟာ အမျိုးသားရေးတာဝန်ကို ထမ်းဆောင်နေခြင်းဖြစ်တယ်လို့ ခံယူထားကြပါတယ်။

အမျိုးသမီးလေးတွေရဲ့ ဖွံ့ဖြိုးတိုးတက်ရေးဟာ အနာဂတ် နိုင်ငံတော်ကြီးအတွက် အင်အားတစ်ရပ်ဖြစ်တာမို့ အမျိုးသမီးငယ်ရွယ်လေးများ ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍကိုလည်း အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေး လုပ်ငန်းအဖွဲ့အတွင်းမှာ ချိတ်ဆက် ဆောင်ရွက်လျက် ရှိပါတယ်။ ကျောင်းတွင်း ပညာရေး၊ ကျောင်းပြင်ပပညာရေးအစီအစဉ်တွေနဲ့ ပညာသင်ကြားပေးမှုတွေဟာ နိုင်ငံတော်ရဲ့ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို များစွာအထောက်အကူပြုလျက်ရှိပါတယ်။ လူငယ်များ စိတ်လေလွင့်မှု မရှိစေရေးနဲ့ အားကစားဖြင့် နိုင်ငံ့ဂုဏ်ဆောင်စေဖို့ လေ့ကျင့်ပျိုးထောင် ပေးမှုတွေကြောင့် ဒီကနေ့ မြန်မာအမျိုးသမီးများရဲ့ အားကစားဟာ ကမ္ဘာကိုတက်လှမ်းနိုင်ခဲ့ပါပြီ။ အမျိုးသမီးငယ်ကလေးတွေရဲ့ ဖွံ့ဖြိုးမှုကို အဟန့်အတားဖြစ်စေတဲ့ အထက်က တင်ပြခဲ့တဲ့ အန္တရာယ်များမှ အကာအကွယ်ပေးဖို့ အသိပညာပေးဟောပြောတာတွေ၊ မြန်မာအမျိုးသမီးငယ်လေးများ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုကို ချစ်မြတ်နိုးတတ်စေဖို့ ပညာပေးဟောပြောတာတွေ အစဉ်တစိုက်လုပ်ခဲ့ကြပါတယ်။

နိဂုံးချုပ်တင်ပြရရင်တော့ ဒီကနေ့ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေကြတဲ့ မေတ္တာရှင် အမျိုးသမီးများဟာ မိမိတို့ကိုယ်စီ နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ် အပြည့်အဝနဲ့ အမျိုးသမီးငယ်လေးများကို မိမိရင်မှဖြစ်သော သားသမီးကဲ့သို့ ချစ်ခြင်းမေတ္တာအပြည့်ဖြင့် ကာကွယ်စောင့်ရှောက် ပြုစုပျိုးထောင်ပေးနေကြတာဖြစ်တဲ့အတွက် **ပန်းပျိုးသောလက်** အချင်းချင်းယှက်နွယ်ပြီး ဆတက်ထမ်းပိုး ဆောင်ရွက်သွားနိုင်ကြပါစေလို့ ဆန္ဒပြု ရေးသားတင်ပြလိုက်ရပါတယ်။ ။

ပုဂံ-ညောင်ဦးမြို့နယ်အသင်း (ရန်ကုန်)၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဩဂုတ် ၂၁ ရက်က ဗဟန်းမြို့နယ်၊ ကြားတောရလမ်း မှန်ကျောင်း ဓမ္မသုခကျောင်းတိုက် ရွှေနှင်းဆီ ဓမ္မဗိမာန်တော်၌ ကျင်းပရာ နိုင်ငံတော်ဩဝါဒါစရိယ ဘုရားဖြူကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တနရိန္ဒာဘိဝံသအမှူးပြုသော ဆရာတော်ကြီးများအား အသင်းဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အသင်းသားအသင်းသူများ၊ မတည် အလှူရှင် ဂျိုးမင်းသင်္ကန်းတိုက်ပိုင်ရှင် ဦးနွေးအောင်-ဒေါ်တင်ဝိုင်းတို့က ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (ကြေးမုံ)

ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဩဂုတ် ၂၁ ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းက ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ပိုင်ဇေယံဝင်းအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (ပညာရေး)

ဆက်ကပ်လှူဒါန်း

ကွယ်လွန်သူ ခင်ပွန်း ဦးစိုးမင်းနိုင်နှင့် သား မောင်မင်းမင်းဦးတို့အား ရည်စူး၍ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းနေ ရဟန်းအမ ဒေါ်အေးသိန်း (ဆွဲမိတ္တာနှင့်ကွန်ပျူတာ) မိသားစုက ပါဠိတက္ကသိုလ် အောင်မင်္ဂလာတိုက်သစ် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တကောသလ္လ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) အား အလှူငွေကျပ် ခုနစ်သိန်းကို ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၄

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း၊ ဗဟိုအလုပ်အမှုဆောင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် ဩဂုတ်၂၀ရက်တွင် သိန်းနီမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး မြို့နယ်နှင့်ကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ဌာနဆိုင်ရာများ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့နှင့် ရပ်မိရပ်ဖများအားတွေ့ဆုံ၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် လူမှုရေးအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျေးလက်နှင့် မြို့ရွာများ လျင်မြန်စွာဖွံ့ဖြိုးတိုး တက်အောင် ဆောင်ရွက်နေမှုအခြေအနေ၊ ဒို့တာဝန်အရေးသုံးပါး ဦးထိပ်ထား၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်နေမှု အခြေအနေ၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့်အဖွဲ့သည် လားရှိုးခရိုင် သိန်းနီမြို့နယ် ဆင်းရွှေလီ အထူးအထွက်တိုး “R” မျိုးသန့်ဖုန်စိုက်ခင်းသို့ရောက်ရှိပြီး “R” မျိုးသန့် ဆင်းရွှေလီစပါး စိုက်ပျိုးထားမှုကိုလည်းကောင်း၊ လားရှိုးမြို့ ကုန်းမြင့်သာရှိ ဗလမင်းထင်ကုမ္ပဏီ၏ ဆင်းရွှေလီ အုန်းဆံစေ့နှင့် အစေ့ထုတ်ပြောင်း ဧက ၅၀၀ စံပြစိုက်ခင်း စီမံကိန်းသို့လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ ရေပူစမ်းကွင်း “R” မျိုးသန့်စပါးစိုက်ဧက ၁၀ဧက စိုက်ပျိုးရေးစခန်းသို့ လည်းကောင်း ရောက်ရှိပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး စိုက်ခင်းများအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး ပြည်နယ်၊ ခရိုင်နှင့်လားရှိုး၊ တန့်ယန်း၊ မိုင်းရယ်၊ လောက်ကိုင်မြို့နယ် အသင်းအတွင်းရေးမှူးများနှင့် အလုပ် အမှုဆောင်များ၊ ရပ်ကွက်ကျေးရွာများမှ စည်းရုံးရေးမှူးများအား တွေ့ဆုံ၍ အသင်းကြီး၏ ရည်ရွယ်ချက် လုပ်ငန်းစဉ်နှင့် ရှေ့ဆောင်ရွက်သွားရမည့် အခြေအနေများကိုလည်းကောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရမည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ခရိုင်နှင့်မြို့နယ်အလိုက် တာဝန်ရှိသူများက ၎င်းတို့၏ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုများကို အသီးသီးရှင်းလင်းတင်ပြကြရာတွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် ဗဟိုအလုပ်အမှုဆောင်တို့က လိုအပ်သည်များ ဖြည့်ဆည်းညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် ဗဟို အလုပ်အမှုဆောင်တို့သည် ဩဂုတ် ၂၁ရက် နံနက်ပိုင်းတွင် သီပေါမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ရောက်ရှိပြီး အသင်းဝင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့် အဖွဲ့သည် ကျောက်မဲ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ရောက်ရှိပြီး ခရိုင်နှင့် မြို့နယ် အသင်းဝင်များနှင့်တွေ့ဆုံရာ ခရိုင်အတွင်းရေးမှူး ဦးကိုကိုက အသင်း၏ လုပ်ငန်းများအခြေအနေနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ပြည်ထောင်စု စိတ်ဓာတ်ကို အရင်းတည်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် အသင်းဝင်တိုင်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် တွဲဖက်အထွေထွေ အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကြီး(၅)ရပ်ကို ခရိုင်/မြို့နယ်အတွင်း နေရာလပ်မကျန်အောင် အသင်းဝင်များက တက်တက်ကြွကြွပါဝင်ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့်အဖွဲ့သည် နောင်ချိုမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး အသင်းဝင်များအား တွေ့ဆုံရာ မြို့နယ် အတွင်းရေးမှူး ဦးတင်ဝင်းက ဆောင်ရွက်လျက်ရှိသော လူမှုရေးကဏ္ဍနှင့် စည်းရုံးရေးကဏ္ဍများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့်အဖွဲ့သည် နောင်ချိုမြို့နယ် အုမ္မဒါကျေးရွာအုပ်စု ရွှေညောင်ရွာအနီးရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အစေ့ထုတ်ပြောင်း စပ်မျိုးစေ့ထုတ် ၁၀ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ အလုပ်အမှုဆောင် ဦးကျော်အေးကိုက ရှင်းလင်းတင်ပြပြီး တွဲဖက်အထွေထွေ အတွင်းရေးမှူးက လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေ အတွင်းရေးမှူးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် ထုံးဘိုကျေးရွာရှိ မြို့နယ် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု၏ နွားမွေးခြံကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်သမဝါယမ ဦးစီးမှူးဦးမောင်ကိုက လိုက်လံရှင်းလင်းပြသသည်။

တွဲဖက် အထွေထွေအတွင်းရေးမှူး ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ နွားခြံတွင် နွား ၄၇ကောင် ရှိပြီး နေ့စဉ် နွားနို့ပိဿာ ၂၅၀ခန့် ထွက်ရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေ အတွင်းရေးမှူး သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းရုံး၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များနှင့် စည်းရုံးရေးမှူးများအား တွေ့ဆုံမှာကြားစဉ်။

(မွေး/ရေ)

ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁)ရပ်ကွက် ကမ္ဘောဇလမ်း သုခရိပ်ငြိမ်နေ ဒေါက်တာ ဦးသန်းဝင်း၊ ဒေါ်အေးသီတာဝင်း၊ သမီး မခင်သီတာဝင်းမိသားစုတို့က ဒေါ်အေးသီတာဝင်း၏ မွေးနေ့ အထိမ်းအမှတ် ဆွမ်းပဒေသာပင်နှင့် ဘိုးဘွားများအား တစ်နေ့တာ အာဟာရ ကျွေးမွေးရန်အတွက် ငွေကျပ် သုံးသိန်း တစ်သောင်းငါးထောင်ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်သို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

၂၀၀၅ခုနှစ်၊ စက်တင်ဘာလ ၁၀ရက်

World First Aid Day

10th September, 2005

‘First Aid With Vulnerable (marginalized) People’

‘ဘေးဖြစ်လွယ်သူအားပေးကူ၊ ရှေးဦးပြုစုခြင်းဖြင့် တာဝန်ယူ’

မြန်မာနိုင်ငံကြက်ခြေနီအသင်း

ဗုဒ္ဓဒေသနာသင်တန်း ဖွင့်လှစ်မည်

[Heading as printed, in decorative type:] ဓမ္မဒါနပို့ချမည်

ရန်ကုန် ဩဂုတ် ၂၄

ဆရာကြီးဦးဌေးအောင်(မဟာသဒ္ဓမ္မဇောတိကဓဇ)၏ (၂၂)ကြိမ်မြောက် ဗုဒ္ဓဒေသနာသင်တန်းကို စက်တင်ဘာ ၁၀ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညနေ ၃ နာရီမှ ၅ နာရီအထိ လည်းကောင်း၊ ဗုဒ္ဓနည်း နာမ်ရုပ်လေ့ကျင့်ရေးအလုပ်စခန်းကို နိုဝင်ဘာ ၁၇ရက်မှ ၂၅ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ လည်းကောင်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရှင်သာမဏေ ဓမ္မဗိမာန်တွင် ဓမ္မဒါနပို့ချမည်ဖြစ်ပါ၍ မည်သူမဆို ကြွရောက်နာယူနိုင်ကြောင်း သိရသည်။ (က-ပ)

ပို့ဆောင်နှုတ်ဆက်

ကိုရီးယားသမ္မတနိုင်ငံဂွမ်ဂျူးမြို့၌ ကျင်းပမည့် (၅)ကြိမ်မြောက် ဂွမ်ဂျူး နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် ကိုရီးယား-မြန်မာချစ်ကြည်ရေး နှစ်(၃၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

ကိုရီးယား နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် ကိုရီးယား-မြန်မာ ချစ်ကြည်ရေး နှစ်(၃၀)ပြည့် အထိမ်းအမှတ်အခမ်းအနား တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၄

ကိုရီးယားသမ္မတနိုင်ငံဂွမ်ဂျူးမြို့၌ ဩဂုတ် ၂၆ရက်မှ စက်တင်ဘာ ၄ရက်အထိ ကျင်းပမည့် (၅)ကြိမ်မြောက် ဂွမ်ဂျူး နိုင်ငံတကာရုပ်ရှင်ပွဲတော်နှင့် ကိုရီးယား-မြန်မာချစ်ကြည်ရေး နှစ်(၃၀)ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် ကိုရီးယားသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

မြန်မာ့ရုပ်ရှင်လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူး ဦးရဲတင့်၊ မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ တာဝန်ရှိသူများ၊ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်နှင့်အတူ အဖွဲ့ဝင်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန အဖွဲ့ခွဲမှူး (တာဝန်ခံ) ဦးလှရီလည်း လိုက်ပါသွားသည်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းကောင်ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်း ဘုရင့်နောင်ခန်းမ၌ အရာရှိ၊ စစ်သည်များအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

(သတင်းစဉ်)

❀ **ရှေ့ဖုံးမှ**

တာဝန်ယူနေသည့် သီပေါ–နမ့်လန်–ပန်ကေတု–လဲချားလမ်းပိုင်းနှင့် မိုင်းရယ်–နမ့်လောင်းလမ်းပိုင်းတို့ကို အပြီးသတ် ဖောက်လုပ်ပြီးစီးခဲ့ပြီဖြစ်ကြောင်း၊ ယခု ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့် အရှည် ၅၂မိုင် သုံးဖာလုံရှိ တန့်ယန်း–မိုင်းကောင်–မိုင်းရှူးလမ်း ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်မြေဆက်စပ်လမ်းကို ဖောက်လုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးအထိ ပေ ၄၀ အကျယ် မြေသားလမ်းကို ဖောက်လုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ မြို့အဝင်လမ်းများအား ပေ ၈၀ အကျယ် လမ်းဖောက်လုပ်ပေးနိုင်ခဲ့ကြောင်းနှင့် ကတ္တရာလမ်းအဖြစ် တန့်ယန်းမှ မိုင်းကောင်အထိ ၂၅မိုင် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ပါကြောင်း၊ ရှင်းလင်းတင်ပြပြီး လုပ်ငန်းများအဆင့်ဆင့် တိုးမြှင့်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တန့်ယန်းတပ်နယ်မှ ဗိုလ်မှူးကြီးခင်မောင်မြင့်က ဆက်လက်ဆောင်ရွက်ရန်ကျန်ရှိနေသည့် လမ်းပိုင်းများအတွက် ကျောက်စုဆောင်းမှုနှင့် လမ်းများ ထိန်းသိမ်းထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျန်ရှိနေသော လမ်းပိုင်းကို အမာခံ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပြီး နွေမိုးဆောင်း ရာသီမရွေး သွားလာနိုင်သည့် လမ်းအဖြစ် ဆက်လက်ဆောင်ရွက်သွားကြရေး မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တန့်ယန်း–မိုင်းကောင်–မိုင်းရှူး လမ်းပိုင်းပေါ်ရှိ နောင်ပိုင်–မိုင်းယောင် လမ်းတစ်လျှောက် ကတ္တရာခင်းကျင်းပြီးစီးမှုနှင့် ကျောက်စုဆောင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာခဲ့ကြရာ မိုင်တိုင် (၂၀/၃)သို့ ရောက်ရှိကြကာ လမ်းပိုင်းပေါ်ရှိ နမ့်ဆင်းတောင်ကျချောင်း ရေကျော်နေမှုကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

အဆိုပါ တန့်ယန်း–နောင်ပိုင်း–ဟိုမန်း–ပါဆာ–လုံပု၊ ပန်မောင်၊ ဆိုင်းခေါင်၊ ပါမိန်၊ နားယမ်း၊ မိုင်းကောင်၊ မိုင်းအွတ်–ကောင်အိုင်–လွယ်နိုင်း–စို့စု–မိုင်းရှူးလမ်းသည် အရှည် ၅၂မိုင် လေးဖာလုံရှိပြီး ယခုအခါ မြေသားလမ်းခင်းကျင်းမှုပြီးစီးပြီး တန့်ယန်းမြို့မှ မိုင်းကောင်ကျေးရွာအထိ ၂၅မိုင်အရှည်ကို ကတ္တရာလမ်း ခင်းကျင်းပြီးစီးနေပြီဖြစ်ကြောင်း သိရှိရသည်။

တွေ့ဆုံနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းကောင်ကျေးရွာအနီးရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး ဘုရင့်နောင်ခန်းမ၌ အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များ မှာကြားကာ အရာရှိ၊ စစ်သည်များနှင့် မိသားစုများအတွက် ဂုဏ်ပြုလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းကောင်ကျေးရွာမှ ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၄နာရီ ၂၅မိနစ်တွင် တန့်ယန်းမြို့သို့ ရောက်ရှိပြီး တန့်ယန်းမြို့မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ တန့်ယန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစံရွှေအောင်က တန့်ယန်းမြို့နယ်ဆိုင်ရာ အချက်အလက်များ၊ အသားတင်စိုက်ပျိုးနိုင်သည့် မြေ ၆၁၈၄၂ဧကေ၌ လယ်ဧက ၂၃၃၁၀၊ ယာ ၂၆၀၈၃ဧက၊ ကိုင်းကျွန်း ၁၄၉ဧက၊ ဥယျာဉ် ၃၇၅၅ ဧကနှင့် တောင်ယာ ၈၅၄၅ဧက စိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာဖူလုံမှုအခြေအနေ၊ ၂၀၀၄–၂၀၀၅ တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ၃၀ဒသမ ၄၅ရာခိုင်နှုန်း အောင်မြင်ခဲ့မှုနှင့် မြို့နယ်၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုစွမ်းအားကိုရယူပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိကြောင်း။

တိုင်းရင်းသားပြည်သူများ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့ကိုဘက်ပေါင်းစုံကဏ္ဍစုံမှ ဟန်ချက်ညီညီ စီမံကိန်းများချမှတ်ပြီး ဆောင်ရွက်လျက်ရှိရာ ဌာနဆိုင်ရာဝန်ထမ်းများသည် နိုင်ငံတော်မှ တာဝန်ပေးခန့်အပ်ထားသော ဝန်ထမ်းများဖြစ်ရာ နိုင်ငံတော်၏ စေတနာကို ဒေသခံပြည်သူများ သိရှိနားလည်ကြစေရန် စည်းရုံးလုပ်ကိုင်သွားကြရမည်ဖြစ်ကြောင်း။

စေတနာအရင်းခံ

နိုင်ငံ့ဝန်ထမ်းများသည် မိမိတာဝန်ကျရာဒေသ၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ အကျိုးစီးပွားကို ရှေးရှုပြီး စေတနာအရင်းခံ ပေါင်းစပ်လျက် ပေးအပ်လာသည့် တာဝန်များကို သာမန်တာဝန်ကျေပွန်ရုံအတွက်သာ လုပ်ဆောင်မနေကြဘဲ နိုင်ငံတော်က စိတ်ချအားထားယုံကြည်အားကိုးရသော ဒေသဆိုင်ရာ စည်းရုံးရေးမှူးများသဖွယ် စံနမူနာပြ လုပ်ဆောင်ကြရန်လိုအပ်ကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် အထက်အဆင့်မှသည် အောက်ခြေအဆင့်အထိ မိမိတာဝန်ယူရသော ကဏ္ဍအလိုက် လမ်းညွှန်မှုအဆင့်ဆင့်ကို ခံယူကျင့်သုံးလိုက်နာဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ သို့မှသာ ဝန်ထမ်းအဖွဲ့အစည်းများသည် ဒေသခံပြည်သူများ၏ ယုံကြည်အားကိုးမှုကိုရရှိကာ ပြည်သူများနှင့် တစ်သားတည်းဖြစ်ပြီး ဒေသတစ်ခုလုံး ပိုမိုဖွံ့ဖြိုးတိုးတက်လာကာ နိုင်ငံတော်ကြီးသည်လည်း အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်အစိုးရ၏ ကိုယ်စားကိုယ်ပွားများဖြစ်ကြသည့်အားလျော်စွာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအတွက် အဘက်ဘက်က စွန့်လွှတ်အနစ်နာခံ ထမ်းဆောင်နိုင်သူများအဖြစ် ကြိုးစားကြရန်လိုအပ်ကြောင်း။

တည်ဆောက်ပေးထား

မိမိတို့တာဝန်ယူနေသော တပ်မတော်အစိုးရလက်ထက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အပါအဝင် ဒေသအသီးသီးသို့ ဆက်သွယ်သွားလာနိုင်သည့် လမ်းများကို ကွန်ရက်သဖွယ် လက်ယှက်ထိုးဖောက်လုပ်ပေးထားခြင်း၊ မြစ်ကူးတံတားကြီးများ၊ တက္ကသိုလ်၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့် ဆေးရုံကြီးများ၊ လေယာဉ်ကွင်းများကို နိုင်ငံတော်မှ ငွေကြေးအမြောက်အမြား အကုန်အကျခံ၍ တည်ဆောက်ပေးထားသည်ကို မျက်ဝါးထင်ထင် တွေ့မြင်နေရပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်ပေါင်တန်းနိုင်ရန် မိမိတို့ တပ်မတော်အစိုးရသည် နိုင်ငံတော်တွင် လိုအပ်နေသည့် အခြေခံအဆောက်အအုံများကို လိုအပ်သော နေရာဒေသများအလိုက် ဦးစားပေးရွေးချယ်ပြီး နေ့မအား ညမနား ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဖိဖိစီးစီးဆောင်ရွက်

ဤကဲ့သို့ ဆောင်ရွက်နေခြင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် ဒေသနေပြည်သူများအပေါ် ထားရှိသော စေတနာအမှန်များပင်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးနေခြင်းအပေါ် ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားညီအစ်ကိုများကလည်း နိုင်ငံတော်၏ စေတနာကို တုံ့ပြန်သောအားဖြင့် မိမိဒေသ မိမိမြို့နယ်အကျိုးကို ဖိဖိစီးစီးဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း။

ယနေ့အချိန်အခါတွင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို မနာလိုမရှုဆိတ်ကြသော ပြည်တွင်းပြည်ပ အဖျက်သမားများက တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲစေရန်နှင့် ပြည်တွင်းပြည်ပ အကူအညီများ ရရှိမှုမရှိစေရန် နည်းမျိုးစုံဖြင့် အကွက်ချ ဆောင်ရွက်နေကြကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နေမှုအပေါ် ဒေသခံပြည်သူများနှင့် တိုင်းရင်းသားတစ်ရပ်လုံးက ပြည်တွင်းပြည်ပ အန္တရာယ်မှန်သမျှကို စည်းလုံးညီညွတ်မှုအင်အားဖြင့် တိုက်ဖျက်ချေမှုန်းသွားကြရမည်ဖြစ်ကြောင်း။

တက်တက်ကြွကြွဆောင်ရွက်

ယခုအခါ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သို့ ချီတက်လျက်ရှိရာ လုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်ညီလက်ညီ တက်တက်ကြွကြွ ပူးပေါင်းပါဝင်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တန့်ယန်းတပ်နယ်လွယ်ပန်လုံခန်းမသို့ ရောက်ရှိပြီး တန့်ယန်းတပ်နယ်မှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး လိုအပ်ချက်များကိုမေးမြန်းကာ မိသားစုဝင်များအနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်သွားကြရေး မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တန့်ယန်းတပ်နယ် ရန်အောင်မြင်ရိပ်သာသို့ ရောက်ရှိကြပြီး တန့်ယန်းမြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း မြောက်ဥက္ကလာပဆေးရုံကြီးသို့ အလှူငွေပေးအပ်

ရန်ကုန် ဩဂုတ် ၂၄

မြောက်ဥက္ကလာပ အထွေထွေရောဂါကုနှင့် သင်ကြားရေးဆေးရုံကြီးသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းက အလှူငွေကျပ် ၁၀သိန်းကို ယမန်နေ့ နံနက် ၁၀နာရီတွင် အဆိုပါဆေးရုံကြီး၌ လာရောက်လှူဒါန်းသည်။

အလှူငွေပေးအပ်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း ဂုဏ်ထူးဆောင်နာယကအဖွဲ့ဝင် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်နီလာသော်၊ နာယကအဖွဲ့ဝင်များ ဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ဇနီး ဒေါ်လဲ့လဲ့ကြည်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်၏ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ အာဆီယံသံရုံးများမှ သံအမတ်ကြီးများ၏ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ဇနီးများ၊ ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်များ တက်ရောက်ကြသည်။

အလှူငွေလှူဒါန်းပြီးနောက် ဆေးရုံအုပ်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် အမှတ်တရအလံပေးအပ်သည်။ ထို့နောက် မအူပင် စေတနာသွေးလှူရှင်များက သွေးလှူဒါန်းသည့်အခမ်းအနားနှင့် ကလေးကုသဆောင်၌ တက်ရောက်ကုသမှုခံယူနေသော ကလေးလူနာများအား ကြည့်ရှု အားပေးစကား ပြောကြားခဲ့သည်။ (သတင်းစဉ်)

ပုံပြောပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်ထုတ်လွှင့်သည့် မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ၏ ပုံပြောပြိုင်ပွဲကို ယနေ့ နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို (ဘီ)၌ ကျင်းပရာ တာဝန်ရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပြိုင်ပွဲတွင် ပထမဆုကို အလက(၂) သဃ်န်းကျွန်း၊ ဒုတိယဆုကို အလက (၁) ဒဂုံ၊ တတိယဆုကို အလက(၇) လှိုင်၊ နှစ်သိမ့်ဆုကို အထက(၁) လမ်းမတော်တို့က ရရှိကြသည်။

ဆုရရှိကြသူများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ကြပြီး ပါဝင်ယှဉ်ပြိုင်ကြသည့် ကျောင်းများမှ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

(သတင်းစဉ်)

✧ **စီမံကိန်းမှ**

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားရာတွင် ကရင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းမှု တိုးတက်ရရှိနေပြီဖြစ်သော ပြည်နယ်ဖြစ်ကြောင်း၊ ယခင်ကနယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခဲ့သော ဒေသများရှိ တိုင်းရင်းသားပြည်သူတို့သည် ယခုအခါတည်ငြိမ်အေးချမ်းမှု အရသာကို ထိတွေ့ခံစားရသဖြင့် ဒေသတည်ငြိမ်အေးချမ်းမှုကို လက်လွှတ်ဆုံးရှုံးခြင်းမရှိစေရန် အထူးလိုလားလျက်ရှိကြောင်း။

ပြည်နယ်တည်ငြိမ်အေးချမ်းမှုရရှိနေပြီဖြစ်၍ ပြည်နယ်အဆင့်ဌာနဆိုင်ရာများအနေဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များနှင့် ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အားသွန်ခွန်စိုက် ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း။

ကူညီပံ့ပိုး

ယခုအခါ နိုင်ငံတော်က ပြည်နယ်နှင့် တိုင်းအသီးသီးအား ချမှတ်ပေးထားသော စီမံကိန်းလျာထားချက်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေကို ကြိုတင်သုံးသပ်၍ နှစ်ကုန်ဆုံးချိန်တွင် လျာထားချက်များ ပေါက်မြောက်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်အောင် လိုအပ်သည်များကို ကြိုတင်ဆောင်ရွက်ရန် ညှိနှိုင်းကြရန်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံတော်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ စီမံကိန်းရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ရန် ပြည်နယ်အဆင့်ဌာနဆိုင်ရာအားလုံး ဝိုင်းဝန်းညှိနှိုင်းကြ၍ အချင်းချင်း အပြန်အလှန် ကူညီပံ့ပိုးဆောင်ရွက်ကြရမည့် အချိန်အခါလည်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံတော်ကို ပြည်တွင်းပြည်ပမှ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ အကျိုးစီးပွားဖြစ်ထွန်းမှုကို မလိုလားသော အချို့နိုင်ငံကြီးများက အကျပ်အတည်း၊အခက်အခဲဖြစ်အောင် အမျိုးမျိုးသောနည်းလမ်းများဖြင့် ထိုးနှက်လျက်ရှိကြကြောင်း။

နိုင်ငံတော်အစိုးရက နိုင်ငံတော်၏အခြေအနေအရပ်ရပ်နှင့်အညီ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်၍ နိုင်ငံတော်အား ခေတ်မီဖွံ့ဖြိုးတိုးတက်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ တည်ဆောက်ရာတွင် နိုင်ငံတော်တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး၊ ပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးနှင့် နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့သည် မဖြစ်မနေလိုအပ်ကြောင်း၊ ယင်းတို့ကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူတို့က စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် ကရင်ပြည်နယ်မှ ပြည်နယ်အဆင့်ဦးစီးခေါင်းဆောင်များကလည်း ပြည်သူတို့၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားရေး၊ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်သည်အထိ စည်းလုံးညီညွတ်စွာ ပြည်ထောင်စုစိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်တို့ဖြင့် နိုးကြားတက်ကြွစွာ ဦးဆောင်ဦးရွက် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ယနေ့တွေ့ဆုံပွဲတွင် မိမိတို့ကဏ္ဍအလိုက်ဆောင်ရွက်ချက်များ၊ အားနည်းချက်၊ အားသာချက်များကို ရိုးသားပွင့်လင်းစွာ တင်ပြဆွေးနွေးကြပြီး ရှေ့တွင် ဆက်လက် ဆောင်ရွက်ရမည့်အစီအစဉ်များကို အလေးထားဆောင်ရွက်သွားကြရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဘားအံခရိုင်၊ ကော့ကရိတ်ခရိုင်နှင့် မြဝတီခရိုင်တို့မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ခရိုင်အလိုက် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ကရင်ပြည်နယ်၏ ပထဝီဝင်အခြေအနေများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများ၊ မိုးရွာသွန်းမှုနှင့် ပြည်နယ်၏မြေယာအသုံးချမှုတို့တွင် ယခင်နှစ်မိုးစပါးစိုက်ဧက ၄၃၁၂၁၁သာရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆ခုနှစ်တွင် ဧက ၅၅၀၀၀၀ထိ ဖော်ထုတ်ရန် လျာထားလျက် ဧက ၄၅၁၀၅၇ဧက ဖော်ထုတ်ပြီးစီးစိုက်ပျိုးနေမှု၊ လုပ်မြေ၊မြေရိုင်းတို့မှ စုစုပေါင်းဧက ၄၉၅၈၁ဧက ဖော်ထုတ်၍ စပါး ၄၅၁၃၇ဧက၊ ရော်ဘာ ၃၄၆၉ဧက၊ ကြံနှင့် အခြားသီးနှံ ၉၇၅ဧက အသီးသီး စိုက်ပျိုးသွားရန် စီစဉ်ထားရှိမှု၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ၏ မြေယာဖော်ထုတ်၍ စပါးနှင့်ရော်ဘာစိုက်ပျိုးထားရှိမှု၊ အဓိကသီးနှံ ၁၀မျိုးစိုက်ပျိုးထားရှိမှု၊ ရော်ဘာကို ၄၆၉၁၁ဧက လျာထားပြီး ၄၆၄၇၄ဧက စိုက်ပျိုးပြီးစီး၍ လျာထားချက်၏ ၉၉ဒသမ၀၇ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မိုးစပါးစိုက်ပျိုးမှုတွင် ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်း လျာထားမှုဧက ၅၅၀၀၀၀တွင် ၅၅၀၀၅၇ဧကထိ စိုက်ပျိုး ပြီးစီးသဖြင့် ၁၀၀ ဒသမ ၂ရာခိုင်နှုန်း၊ တိုးချဲ့လျာထားချက် ၅၅၀၀၀၀ဧကပေါ်တွင် ၅၂ဒသမ၀၁ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးနေမှု အခြေအနေများကိုလည်းကောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးရေလွှမ်းနစ်မြုပ်မှုနှင့် ပြန်လည်စိုက်ပျိုးမည့် အခြေအနေများကိုလည်းကောင်း၊ ဒေသမ်းစာပုံလုံနေမှုဖြင့် ယမန်နှစ် ၂၀၀၄-၂၀၀၅ခုနှစ်တွင် ၁၁၅ရာခိုင်နှုန်းရှိရာ ယခု ၂၀၀၅-၂၀၀၆ခုနှစ်တွင် ၁၃၁ ဒသမ ၁၁ရာခိုင်နှုန်းအထိ ဆောင်ရွက်နိုင်မည့် အခြေအနေများကိုလည်းကောင်း၊ ပညာရေး၊ကျန်းမာရေးနှင့်လူမှုရေး ကဏ္ဍဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဦးစားပေးစိုက်ပျိုး

ယင်းနောက် ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ပြည်နယ်အတွင်း၌ စပါး စိုက်ပျိုးနိုင်သော မြေယာများကို အမှန်တကယ်စိုက်ပျိုးမည့် ဒေသခံတောင်သူလယ်သမားများအား ဦးစားပေးစိုက်ပျိုးခွင့်ပေးရေး၊ တောင်သူများအား လုပ်ကိုင်နိုင်အောင် ပံ့ပိုးကူညီပေးရေး၊ ရေလွှမ်းမိုးသော လယ်မြေများကို ရေကျလျှင် တစ်ကွက်ကျ တစ်ကွက်စိုက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးသွားရန်နှင့် ဖာထေးစိုက်ပျိုးရမည့် စပါးစိုက်ခင်းများကို ပြန်လည်ဖာထေး စိုက်ပျိုးသွားရေး၊ ငရုတ်ကောင်းစိုက်ပျိုးမှုတွင် စိုက်ဧက၊ အထွက်နှုန်းနှင့် နှစ်စဉ် ထွက်ရှိမှုတို့ကို စနစ်တကျ စာရင်းပြုစု၍ တင်ပြသွားရေး၊ စပါးစိုက်ပျိုးမှုသည် ဒေသစားသုံးမှုဖူလုံသည့်အပြင် ပိုလျှံနေပြီဖြစ်သဖြင့် ဆက်လက်၍ အရည်အသွေးကောင်းသော သက်ရင့်စပါးတို့ကို ဆက်လက် စိုက်ပျိုးသွားရေး၊ ရော်ဘာသည် ပြည်ပဈေးကွက်၌ ဝယ်လိုအား မြင့်မားနေသဖြင့် တိုးချဲ့နိုင်သမျှ တိုးချဲ့စိုက်ပျိုးသွားရေး၊ လာမည့်နှစ်တွင် ရော်ဘာကို ဧကတစ်သိန်းပြည့်အောင် တိုးချဲ့စိုက်ပျိုးသွားရေးတို့ကို မှာကြားပြီး တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမှာစကား ပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့မှ မော်တော်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၁၁နာရီခွဲတွင် လှိုင်းဘွဲ့မြို့နယ် အောက်ရေပူကျေးရွာအုပ်စုမှ ဒေသခံတိုင်းရင်းသားအဖွဲ့၏ မိုးစပါးစိုက်ကွင်းသို့ ရောက်ရှိကြရာ အဖွဲ့ဥက္ကဋ္ဌ ဦးသာထူးကျော်နှင့် ဒေသခံတိုင်းရင်းသားများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် စိုက်ခင်းယာယီမဏ္ဍပ်၌ ကရင်ပြည်နယ် မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးကျော်သိန်းက မိုးစပါးဧက ၅၀၀အနက် ၁၈၉ဧက စိုက်ပျိုးပြီးစီးမှုနှင့် ဧက၂၀ထပ်မံ စိုက်ပျိုးမည့်အခြေအနေ၊ ဆက်လက်၍ မြေရိုင်းများကို လယ်မြေများအဖြစ် ဖော်ထုတ်ပေးမည့် အခြေအနေ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် စပါးစိုက်ပျိုးမှုတွင် ကူညီပံ့ပိုးပေးနေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကိုကြီးနှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဘားအံခရိုင် မန်နေဂျာ ဦးမြင့်သိန်းနှင့် လှိုင်းဘွဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာတို့က စပါးစိုက်ပျိုးမှု၊ ရော်ဘာစိုက်ပျိုးမှုတို့တွင် ဝိုင်းဝန်းကူညီပံ့ပိုးနေမှုတို့ကို ရှင်းလင်းတင်ပြကြသည်။

အထူးအလေးထား

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက နိုင်ငံတော်အနေဖြင့် တိုင်းရင်းသား အဖွဲ့အစည်းများအား စေတနာအပြည့်အဝထားလျက် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အထူးအလေးထား ဆောင်ရွက်ပေးနေသဖြင့် မိမိတို့အနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိတို့အဖွဲ့အစည်း၏ စားဝတ်နေရေး ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကိုလည်းကောင်း အလေးထားဆောင်ရွက်ကြပြီး နိုင်ငံတော်ကပေးအပ်သော မိမိတို့၏ စိုက်ပျိုးရေးလုပ်ငန်းများကို ဖိဖိစီးစီး လုပ်ကိုင်သွားကြရန်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ ပြည်နယ်နှင့် ခရိုင် စိုက်ပျိုးရေး မန်နေဂျာတို့ကလည်း စပါးစိုက်ဧကကို လာမည့်နှစ်တွင် ဧက ၅၀၀ထိ စိုက်ပျိုးသွားနိုင်အောင် ကူညီပံ့ပိုးပေးရေး၊ ရော်ဘာကို ဧက ၁၂၀၀ အပြည့်အဝ စိုက်ပျိုးပြီးစီးရေးအတွက် စီမံဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် တက်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသားများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဝိုင်းဝန်းကြိုးပမ်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့သို့ ဆက်လက်ထွက်ခွာကြပြီး လှိုင်းဘွဲ့မြို့ရှိ နယ်မြေခံတပ်ရင်း ဒေါနခန်းမ၌ တပ်နယ်တပ်ရင်း တပ်ဖွဲ့များမှ အရာရှိစစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လှိုင်းဘွဲ့တပ်နယ်ရှိ မိသားစုဝင်များအတွက် ထွက်ကုန်ဈေးများကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်ကြူးတို့က အဝတ်အထည်များကိုလည်းကောင်း တာဝန်ရှိသူများအား ပေးအပ်ကြသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုသည် တပ်ရင်းတပ်ဖွဲ့များမှ မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂နာရီတွင် လှိုင်းဘွဲ့မြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည့် လှိုင်းဘွဲ့မြို့ ရေဘေးဒဏ်ခံရသော ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စံသာက လှိုင်းဘွဲ့မြို့ ရေလွှမ်းမိုးမှု ကြုံတွေ့ရမှု အခြေအနေနှင့် ကယ်ဆယ်ရေး လုပ်ငန်းများကို အချိန်မီဆောင်ရွက်ပေးနိုင်မှု အခြေအနေ၊ ပြည်နယ်အဆင့်တာဝန်ရှိသူများ အချိန်မီလာရောက်ကြီးကြပ်ဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အားပေးအမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူတို့၏အကျိုးစီးပွားကို အလေးထားသည်နှင့်အညီ လှိုင်းဘွဲ့မြို့၏ ရေလွှမ်းမိုးမှု ကြုံတွေ့ရခြင်းအပေါ် လိုအပ်သော ကယ်ဆယ်ရေးလုပ်ငန်းများ၊ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသည့်အပြင် ပုဂ္ဂလိကများကလည်း ဝိုင်းဝန်းကူညီပံ့ပိုးလှူဒါန်းကြကြောင်း၊ ထို့ကြောင့် ဒေသပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရ၏ စေတနာ၊ အလှူရှင်များ၏ စေတနာကို တုံ့ပြန်သောအားဖြင့် မိမိတို့၏လူမှုဘဝမြင့်မားရေး၊ နိုင်ငံတော်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ရေး၊ ရေလွှမ်းသော လယ်မြေများအား ရေကျလျှင်ကျချင်း ချက်ချင်းပြန်လည်စိုက်ပျိုးသွားရေး၊ သန့်ရှင်းရေးနှင့်ကျန်းမာရေးတို့ကို အလေးထားဆောင်ရွက်သွားကြရေး မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရေဘေးဒဏ်ခံရသော ကျောင်းသားကျောင်းသူများနှင့် အခြေခံပညာကျောင်းများအတွက် ထောက်ပံ့ငွေများကို မြို့နယ်ပညာရေးမှူးအား ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို ရပ်ကွက်(က)နှင့် ရပ်ကွက်(ခ)တို့မှ ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့အား ပေးအပ်သည်။

ထို့နောက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ရေဘေးဒဏ်ခံရသော ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများကို လည်းကောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးက အိမ်သုံးပစ္စည်းခြောက်မျိုးစီကိုလည်းကောင်း၊ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲမြင့်က ဆေးဝါးပစ္စည်းများကိုလည်းကောင်း၊ အမှတ်(၁) အခြေခံပညာ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းကြည်က ကျောင်းသုံး ဗလာစာအုပ်များကိုလည်းကောင်း၊ လှိုင်းဘွဲ့မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အသီးသီးအား ပေးအပ်ကြသည်။

ထို့နောက် ရေဘေးဒဏ်ခံရသော ပြည်သူများကိုယ်စား ပြည်သူတစ်ဦးက ရေဘေးကြုံတွေ့ရခြင်းနှင့် ကူညီထောက်ပံ့ စောင့်ရှောက်မှုပေးသော နိုင်ငံတော်နှင့် အဖွဲ့အစည်းများအား ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ရေဘေးဒဏ်ခံရသော ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးပြီး ပြန်လည်ထွက်ခွာသွားသည်။

လှိုင်းဘွဲ့ဆေးရုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် လှိုင်းဘွဲ့မြို့ရှိ မြို့နယ်ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ဆေးရုံကို လက်ရှိ ၂၅ ခုတင်ဆံ့ ဆေးရုံမှ ခုတင် ၅၀ ဆံ့အထိ အဆင့်မြှင့်တင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်ရေးစီမံကိန်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဟုမ်းတောက်ကုမ္ပဏီမှ ဒါရိုက်တာဦးမိုးကျော်က ဆေးရုံအဆောက်အအုံ တည်ဆောက်မှု အခြေအနေများကို ရှင်းလင်း တင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဆေးရုံ တိုးချဲ့အဆောက်အအုံ တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ စံချိန်စံညွှန်းပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် အလေးထား ဆောင်ရွက်သွားရေး၊ လိုအပ်သော အဆောက်အအုံ အစိတ်အပိုင်းများကို ပြည့်ဝစုံလင်စွာ တည်ဆောက်သွားရေး မှာကြားသည်။

ယခုတည်ဆောက်နေသော လှိုင်းဘွဲ့မြို့ ပြည်သူ့ဆေးရုံသည် ပြင်ပလူနာဌာန၊ ခွဲစိတ်ခန်း၊ ခတ်မှန်ခန်း၊ လူနာဆောင်နှစ်ဆောင်၊ ခွဲစိတ်နှင့် သားဖွားဆောင်၊ သန့်စင်ခန်းနှစ်ခုနှင့် စင်္ကြံလမ်းတို့ ပါဝင်ပြီး အလျားပေ ၁၆၀၊ အနံ ၇၈ပေ၊ အလျားပေ၁၀၀၊ အနံ ၄၂ပေ၊ အလျား ၈၄ပေ၊ အနံ ၄၆ပေ၊ အလျား ၂၇ပေ၊ အနံ ၂၇ပေ အသီးသီးရှိပြီး ၁၄ပေစီမြင့်သော အဆောက်အအုံများဖြစ်သည့်အပြင် ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာကိုလည်း တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ အဆောက်အအုံကို ၂၀၀၆ ခုနှစ် မတ်လကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့သို့ ပြန်လည်ထွက်ခွာသွားကြပြီး ဘားအံမြို့၌ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၁၅ ၂။ **တိပိဋကရေ၊ဓမ္မဘဏ္ဍာဂါရိက၊အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပုသ်တည် ပုဒ်တော်**

၇:၂၅ ၃။ ကျန်းမာဖို့အတွက်စာစို့

၇:၃၀ ၄။ နံနက်ခင်းသတင်း

၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၈:၀၀ ၇။ အဆိုပြိုင်ပွဲ

၈:၁၀ ၈။ အကပဒေသာ

၈:၂၀ ၉။ ရန်ကုန်တိုင်း မဟူရာရေလှောင်တမံ

၈:၃၀ ၁၀။ International News.

၈:၄၅ ၁၁။ Let's Go.

၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English for Everyday Use

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၅:၀၀ ၅။ **အဆင့်မြင့်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- တတိယနှစ် (သင်္ချာအထူးပြု)(သင်္ချာ)**

၅:၁၅ ၆။ ချစ်စရာအရွယ်ကကြည်သွယ်

၅:၂၅ ၇။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာ နိုင်ကြရန်(ဓမ္မပူဇာတေး) (အဆင့်မြင့်ပညာ ၅-၁၀နှစ်) (အမျိုးသား)**

၅:၃၅ ၈။ မြန်မာစာ၊ မြန်မာစကား

၅:၅၀ ၉။ အတီးပြိုင်ပွဲ

၅:၅၅ ၁၀။ **"မျှော်သူမမောစေချင်" (စိုးသီဟ၊ ဆုပန်ထွာ၊ နန်းကလျာလှိုင်) (ဒါရိုက်တာ-စောစန္ဒာလှိုင်)**

၆:၁၅ ၁၁။ တေးဂီတအစီအစဉ်

၆:၂၀ ၁၂။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

၆:၃၀ ၁၃။ ညနေခင်းသတင်း

၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ"(အပိုင်း-၁၁)**

၇:၄၀ ၁၆။ တေးဂီတအစီအစဉ်

၈:၀၀ ၁၇။ ပြည်တွင်းသတင်း၊

၁၈။ နိုင်ငံတကာသတင်း၊

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မနွဲအတူ"(အပိုင်း-၅)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

❍ တိုင်းမှူးမှ

ထို့နောက် အနုပညာရှင်များက အဆို၊ အက၊ အတီးများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဖျော်ဖြေတင်ဆက်ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တောင်ပိုင်းခရိုင်(၂၀၀၅)ခုနှစ် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အဆို ၇၆ဦး၊ အက ၁၀ဦး၊ အရေး ၁၀ဦးနှင့် အတီး ၂၆ဦး စုစုပေါင်း အနုပညာရှင် ၁၂၂ဦး ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပုလဲကျေးရွာအနီးရှိ လယ်သူမကြီး ဒေါ်နီနီဝင်း၏ လယ်မြေ၌ တစ်နှစ် သုံးသီးစိုက်ခင်းအတွင်း တစ်မိုးနှစ်သီး ပထမစပါး(အိုင်အာ-၇၄၇)ရိတ်သိမ်းနေမှုနှင့် ရိတ်သိမ်းပြီး စပါးများ ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေမှုကိုလည်းကောင်း၊ လယ်သူမကြီး ဒေါ်သန်းနွဲ့၏လယ်မြေ၌ တစ်မိုးနှစ်သီး စိုက်ခင်း ဒုတိယမိုးစပါး စိုက်ပျိုးရန်အတွက် မြေယာထွန်ယက်ပြုပြင်နေမှုနှင့် ဒုတိယမိုးစပါး(အိုင်အာ-၇၄၇) စိုက်ပျိုးနေမှုကိုလည်းကောင်း ကြည့်ရှုအားပေးရာ တိုင်းစိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ဆန်းက ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ယခုနှစ်မိုးရာသီ၌ စပါးတစ်မိုးနှစ်သီး ဧက ၅၀၀၀ကျော် စိုက်ပျိုးပြီးစီးမှုနှင့် ဒုတိယစပါး ပြန်လည်စိုက်ပျိုးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပံ့ပိုးဖြည့်ဆည်း

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့် လျာထားဧက ပြည့်မီကျော်လွန်စေရေးအတွက် လိုအပ်သည်များကို မှာကြားပံ့ပိုးဖြည့်ဆည်းပေးသည်။

တစ်နှစ်သုံးသီးစပါးပုံစံအရ ပထမစပါး(အိုင်အာ-၇၄၇)ကို မေလဆန်းတွင် စတင်စိုက်ပျိုး၍ ဩဂုတ်လ တတိယပတ်တွင် ရိတ်သိမ်းမည်ဖြစ်ပြီး ဒုတိယစပါး(အိုင်အာ-၇၄၇)ကို ဩဂုတ်လ တတိယပတ်တွင် ပြန်လည်စိုက်ပျိုး၍ အောက်တိုဘာလကုန်တွင် ရိတ်သိမ်းမည်ဖြစ်သည်။ တတိယသီးနှံပဲတီစိမ်းရွှေဝါကို နိုဝင်ဘာလဆန်းတွင် ပြန်လည်စိုက်ပျိုးသွားမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)စစ်ဆေး

ရန်ကုန် ဩဂုတ် ၂၄

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ နံနက်ပိုင်းတွင် မကွေးတိုင်း ချောက်မြို့ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၂) ရေနံချက်စက်ရုံ(ချောက်)သို့ သွားရောက်စစ်ဆေးသည်။

ဝန်ကြီးအား စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးနေလင်းက ရေနံစိမ်း လက်ခံရရှိမှု၊ ချက်လုပ်မှုနှင့် ရေနံထွက်ပစ္စည်းများ ဖြန့်ဖြူးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ရိန်နှင့် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက နိုင်ငံတော်ပိုင် ပစ္စည်းများ အလေအလွင့်ဆုံးရှုံးမှု မရှိစေရေး၊ မီးဘေးအန္တရာယ် ကာကွယ်ရေးနှင့် စက်ပစ္စည်းများကြံ့ခိုင်မှုအတွက် အမြဲမပြတ်စစ်ဆေးပြုပြင်မှုများ ဆောင်ရွက်သွားကြရန်တို့ကို အသေးစိတ် မှာကြားပြီး စက်ရုံစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့် အစီအမံများကို ချမှတ်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၂) ရေနံချက်စက်ရုံ လည်ပတ်မှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းပြသကြသည်။ ထို့နောက် ဝန်ကြီးသည် စက်ရုံဝင်းအတွင်းရှိ ဖယောင်းတိုင် ထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်ပြီး ဖယောင်းချက်လုပ်မှု၊ ပုံလောင်းနေမှု အခြေအနေနှင့် ထုတ်လုပ်ပြီး ဖယောင်းတိုင်များ ထုပ်ပိုးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ အရည်အသွေးမီ ဖယောင်းတိုင်များ ထုတ်လုပ်နိုင်ရေး မှာကြားသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ချောက်မြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပင်မ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲသို့ ရောက်ရှိလာရာ အထွေထွေမန်နေဂျာ ဦးသန်းဝင်းက ရေနံထွက် ပစ္စည်းများ သိုလှောင်ဖြန့်ဖြူးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက မီးဘေးအန္တရာယ် ကာကွယ်ရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးနှင့် စက်သုံးဆီ အခြင်အတွယ် မှန်ကန်စေရေးတို့ကို အသေးစိတ်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ဌာနခွဲအတွင်းရှိ စက်သုံးဆီ၊ စက်ဆီ၊ ချောဆီများ သိုလှောင်ဖြန့်ဖြူးမှု အခြေအနေ၊ ဖယောင်းတိုင် သိုလှောင်ဖြန့်ဖြူးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်သူများနှင့်အဆင်ပြေချောမွေ့စွာ ဆက်ဆံရေးအတွက် မှာကြားသည်။

(သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Qingdao မြို့၌ ပထမအကြိမ် တရုတ်-အာဆီယံ 1st China-ASEAN Eminent Persons Group (EPG Meeting) သို့ တက်ရောက်ပြီး ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။

(စက်မှု-၁)

ဩဂုတ် ၁၈ ရက်က ကျောင်းကျန်းမာရေးသီတင်းပတ် အခမ်းအနားကို လှိုင်သာယာမြို့နယ် အခြေခံပညာအထက်တန်းကျောင်းခွဲ အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေး ကျောင်းကျန်းမာရေး အရာရှိ ဒေါက်တာဒေါ်ခင်စောရီ လေ့ကျင့်ပညာပေး ကျောင်းကျန်းမာရေး အကြောင်း ဟောပြောစဉ်။

(မိခင်နှင့်ကလေး)

ဝန်ကြီး ဦးအောင်သောင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၂၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Qingdao မြို့၌ ဩဂုတ် ၁၇ရက်မှ ၂၀ရက်အထိ ကျင်းပခဲ့သည့် 1st China -ASEAN Eminent Persons Group (EPG Meeting)သို့ တက်ရောက်ပြီး ဩဂုတ် ၂၁ ရက်မှ ၂၂ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော တရုတ်နိုင်ငံ စက်မှုလုပ်ငန်းများမှ အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေး၍ ယမန်နေ့ညပိုင်းတွင် ပြန်လည်ရောက်ရှိသည်။

ကြိုဆိုနှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့အား အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

ဝန်ကြီး ဦးအောင်သောင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် ဦးကျော်မြင့်နှင့် မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးကိုကိုလွင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိ မကွေးတိုင်း ချောက်မြို့ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၂)ရေနံချက်စက်ရုံ(ချောက်)မှ ထုတ်လုပ်ပြီးဖယောင်းတိုင်များ ထုပ်ပိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ဖုံး၊ သွန်၊ လဲ၊ စစ်

ဩဂုတ် ၂၃ရက်က မင်္ဂလာ**တောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက်၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရန်အတွက် စုပေါင်းဆောင်ရွက်ကြရာ မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက ၁၂၅ လမ်းတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ကြစဉ်။**

(၃၂)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၈-၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	ကရာတေးဒိုအားကစား
၇း၂၀	တေးဂီတအစီအစဉ်
၇း၂၅	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများ အကြောင်းသိကောင်းစရာ အပိုင်း(၁)
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	မေတ္တာနေခြည်အောက်မှ ကရုဏာပန်းကလေးများ
၈း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၅၀	တေးဂီတအစီအစဉ်
၉း၀၅	UEFA Stories Best Games(2)
၉း၃၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၅	အမှတ်(၃)သတ္တုတွင်းလုပ်ငန်း ပြည်ပသွင်းကုန်အစားထိုး သံသတ္တုစပ်နှင့် သံမဏိသွန်းထည်ပစ္စည်းများထုတ်လုပ်ခြင်းလုပ်ငန်းအကြောင်း သိကောင်းစရာ
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	ဖန်တီးသူတို့အနုပညာ (အထူးပြုလုပ်ချက်များ)
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	မပြောမပြီး မတီးမမြည် (နေရဲလင်း၊ မိုးဇော်၊ မောင်မောင်မြင့်၊ ရှင်ဖုန်း၊ သိမ့်ချယ်)
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ကပ်တဲလ်ကြိုးတံတား
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်သည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်
၁၀း၀၀	Blackburn-Fulham
လိုင်း	5-Cartoon(Delay)

စပါးက ရွှေ၊ ငါးက ငွေ လယ်ယာ သားငါး၊ ပြည့်စီးပွား

စီးပွား/ကူးသန်းဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း အောင်ပွဲရ အားကစားသမားများ ဂုဏ်ပြုပွဲတက်ရောက်

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၅ခုနှစ် အာဆီယံအသက် (၂၀) အောက် လူငယ်ဘောလုံးပြိုင်ပွဲ အောင်ပွဲရမြန်မာလူငယ်လက်ရွေးစင်အသင်းတွင်ပါဝင်ခဲ့သည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အားကစားသမားများအား ဂုဏ်ပြုပွဲကို ယမန်နေ့ည ၇ နာရီက ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ်၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေးဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာကော်မတီနာယက၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း တက်ရောက်ချီးမြှင့်ပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

တက်ရောက်

ဂုဏ်ပြုပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်ထွန်း၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့်တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အလှူရှင်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်နှင့် အမှုဆောင်များ၊ အောင်ပွဲရ အားကစားသမားများ၊ ဝန်ကြီးဌာန ဘောလုံးအသင်းမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

မိတ်ဆက်ပေး

ဂုဏ်ပြုပွဲတွင်ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အားကစားနှင့် ကာယပညာကော်မတီ နာယက၊ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့လယ်ယာထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းဦးဆောင် ညွှန်ကြားရေးမှူး ဦးမင်းလှအောင်က ဂုဏ်ပြုပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် အောင်ပွဲရ ယူ-၂၀ ချန်ပီယံ မြန်မာ လူငယ်အသင်းတွင် ပါဝင်ခဲ့ကြသော လက်ထောက်နည်းပြတစ်ဦးနှင့် ကစားသမားခုနစ်ဦးအား မိတ်ဆက်ပေးသည်။

ဂုဏ်ပြုညစာ

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ် တင်နိုင်သိန်းက အောင်ပွဲရမြန်မာ လူငယ်အသင်းတွင် ပါဝင်ခဲ့ကြသော လက်ထောက်နည်းပြ တစ်ဦးနှင့် အားကစားသမားခုနစ်ဦးတို့အား ဂုဏ်ပြုဆုငွေကျပ်နှစ်သိန်းစီနှင့် ဝန်ကြီးဌာန ဘောလုံးအသင်းများ၏ အုပ်ချုပ်သူ နည်းပြများအား ဂုဏ်ပြုဆုငွေ ကျပ်ငါးသိန်းပေးအပ်ချီးမြှင့်သည်။ယင်းနောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်ထွန်းက အောင်ပွဲရ အားကစားသမားများအား ရာထူး အဆင့်တိုးမြှင့်ပေးသည့် အမိန့်စာများ ပေးအပ်ချီးမြှင့်ပြီး ဂုဏ်ပြုခံ အားကစား သမားများကိုယ်စား အောင်မျိုးသန့်က ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် တက်ရောက်လာသော ဧည့်သည်တော်များအား ဂုဏ်ပြုညစာ ဖြင့် တည်ခင်းဧည့်ခံသည်။

အာဆီယံယူ-၂၀ ချန်ပီယံ မြန်မာ လူငယ်အသင်းတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကိုယ်စားပြု ပါဝင်ခဲ့သူများမှာ လက်ထောက်နည်းပြ ဦးစိုးမိုး၊ အားကစား သမားများအဖြစ် ဂိုးသမား သီဟစည်သူ၊ ဇော်မိုးထက်၊ နောက်တန်း မိုးဝင်း၊ ချမ်းချမ်း၊ မျိုးဇော်ထွန်း၊ အလယ်တန်း အောင်မျိုးသန့် (အသင်းခေါင်းဆောင်)နှင့် ရာဇာဝင်းသိန်း တို့ဖြစ်ကြသည်။

(ကြေးမုံ)

ဂုဏ်ပြုဆု

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာကော်မတီနာယက၊ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း အောင်ပွဲရ မြန်မာလူငယ်အသင်းမှ အောင်မျိုးသန့်အား ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်း ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

ရန်ကင်း အထက (၁) အာစရိယ ပူဇော်မည်

ရန်ကုန် ဩဂုတ် ၂၄

ရန်ကင်းမြို့နယ် အထက(၁)တွင် ၁၉၆၂ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ထိုနှစ်အတွင်းပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများက အဋ္ဌမ အကြိမ်မြောက် အာစရိယ ပူဇော်ပွဲကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ယင်းကျောင်းရှိ သီရိရတနာခန်းမ၌ ကျင်းပမည်ဖြစ်၍ လှူဒါန်းလိုသူများသည် ဦးခင်မောင်စန်း ဖုန်း-၀၉၅၀၂၂၅၇၂၊ ဦးတင်မောင်အေး ဖုန်း-၀၉၅၀၂၁၆၉၂၊ ဦးအောင်ချို (ခ) ချိုလေး ဖုန်း-၃၈၄၆၀၄၊ ဒေါ်ရှုဝါ ဖုန်း-၅၅၄၁၀၉၊ ဦးဇေယျာကို ဖုန်း-၆၆၆၈၉၅ နှင့် ဒေါ်မေကြူအုံး ဖုန်း-၅၄၁၇၁၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အလိုတော်ပြည့် (၁၀)ရက် တရားစခန်းပွဲ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကလေးရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အောင်မြေဗောဓိဓမ္မရိပ်သာ အလိုတော်ပြည့် ကျောင်းတိုက်တွင် စက်တင်ဘာ ၂ ရက်မှ ၁၂ ရက်အထိ ပြည်တွင်းပြည်ပ သာသနာပြု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ အရိယဝံသ အလိုတော်ပြည့်ဆရာတော်နှင့် အတူ တပည့်ဘဒ္ဒန္တဥတ္တရနှင့် အရှင်နန္ဒိယတို့က သတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားတော်များကိုဟောကြား ပြသမည် ဖြစ်သည်။

တရားစခန်းဝင်ယောဂီများ အလိုတော်ပြည့် ကျောင်းတိုက်သို့ စက်တင်ဘာ ၂ ရက် ညနေ ၅ နာရီ အရောက် လာရောက်ကြရမည်။ ကြိုတင်စာရင်း ပေးသွင်းနိုင်ရန် ဖုန်း-၅၄၅၃၃၇ နှင့် ၅၄၈၈၆၁ တို့သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

အာဆီယံအသက်(၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာလူငယ်အသင်းအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်နှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တွေ့ရစဉ်။ (ကြေးမုံ)

အသက်(၁၇)နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်း ထိုင်းနိုင်ငံထွက်ခွာ

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၅ ခုနှစ် ဩဂုတ် ၂၆ရက်မှ စက်တင်ဘာ ၄ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ၂၀၀၅ ခုနှစ် အာဆီယံအသက် (၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဆန်း ခေါင်းဆောင်သော အုပ်ချုပ်သူ၊ နည်းပြဆရာနှင့် အားကစားသမား ၂၅ ဦး ပါဝင်သည့် မြန်မာလူငယ်ဘောလုံးအသင်းသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ မြန်မာ့လေကြောင်း ခရီးစဉ်ဖြင့် ထွက်ခွာသွားသည်။

အဆိုပါ မြန်မာလူငယ်ဘောလုံးအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ယှဉ်ပြိုင်ရေးနှင့် လေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးနော်တောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းထွဋ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

(က)အုပ်စုမှ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းသည် ပွဲဦးထွက်ပွဲအဖြစ် ဩဂုတ် ၂၆ ရက် ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် ဘရူနိုင်းနိုင်ငံလူငယ်လက်ရွေးစင်ဘောလုံးအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ (သတင်းစဉ်)

ဂုဏ်ပြုဆုချီးမြှင့်

၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် **အောင်မြင်ကြသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ လက်အောက်ရှိ ဝန်ထမ်းသားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ဩဂုတ် ၂၃ရက်က မြို့တော်ခန်းမပထမထပ်ရှိ ခန်းမ၌ကျင်းပရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် မအေးသီရိကျော်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။** (၁၉)

မြောက်ဥက္ကလာပမြို့နယ် (ဃ)ရပ်ကွက် မေဓာဝီလမ်းနေ ဒေါ်ခင်မေဌေး မိသားစုက အလှူငွေကျပ် ၅၀၀၅၀၀ ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေး ကူညီမှုအသင်း (ရန်ကုန်)သို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး ဆောင်ရွက်မှုလုပ်ငန်းများ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးနှင့် လမ်းများအဆင့်မြင့်တင် ခင်းကျင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားဖြည့်ဆည်းပေးသည်။

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း ရန်ကုန်မြို့တော် သန့်ရှင်းသာယာလှပစေရေးအတွက် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းအား စက်ယန္တရားများဖြင့် ကတ္တရာလမ်း ပြုပြင်ခင်းကျင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးစဉ်။
(ရန်ကုန်တိုင်း)

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းနှင့် သံလွင်လမ်းထောင့်နှင့် တက္ကသိုလ်ရိပ်သာလမ်း တစ်လျှောက်တို့၌ လမ်းဘေး ရေနုတ်မြောင်း ဆယ်ယူရှင်းလင်းခြင်း၊ မြက်နှင့်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ဗဟန်းမြို့နယ် ဆရာစံ(တောင်)ရပ်ကွက်ရှိ မဟာသိဒ္ဓိလမ်းနှင့် ဦးချစ်မောင်လမ်းထောင့်နှင့် ဦးချစ်မောင်လမ်းတစ်လျှောက်တို့၌ အမှိုက်များ ရှင်းလင်းခြင်းနှင့် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ဦးချစ်မောင်လမ်းကို စက်ယန္တရားများဖြင့် ကတ္တရာလမ်း ပြုပြင်ခင်းကျင်းခြင်း လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေကိုလည်းကောင်း၊ ရန်ကင်းမြို့နယ် ရန်ကင်းလမ်းမကြီး တစ်လျှောက်၌ အမှိုက်များ ရှင်းလင်းခြင်း၊ မြက်နှင့်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းဆုံအနီး လေးထောင့်ကန်လမ်းကို စက်ယန္တရားများဖြင့် ကတ္တရာလမ်း ပြုပြင် ခင်းကျင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း၊ လေးထောင့်ကန်လမ်းနှင့် ဦးဘဟန်လမ်းဆုံအနီး လေးထောင့်ကန်လမ်းမကြီးတစ်လျှောက်၌ လမ်းဘေးရေနုတ်မြောင်း ဆယ်ယူရှင်းလင်းလျက်ရှိသည့် အခြေအနေကို လည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့က မြို့နယ်များ၊ ရပ်ကွက်များအတွင်းနေထိုင်ကြသော ပြည်သူများအနေဖြင့် မိမိတို့၏ နေအိမ်ရှေ့ရှိ ရေနုတ်မြောင်းများ ပိတ်ဆို့ခြင်း မရှိအောင် အမြဲဆယ်ယူရှင်းလင်းကြရန်၊ ရေနုတ်မြောင်းများနှင့် ဆက်စပ်လျက်ရှိသော ချောင်းများ ပိတ်ဆို့ခြင်း မရှိအောင် အမှိုက်များကို စနစ်တကျ စွန့်ပစ်ကြရန်နှင့် ရန်ကုန်မြို့တွင်းရှိ အဓိကကျသည့် လမ်းမကြီးများ လမ်းသား အစဉ်ကြံ့ခိုင် ကောင်းမွန်နေအောင် မပြတ်စစ်ဆေး၍ လိုအပ်ပါက ပြုပြင်ခင်းကျင်းကြရန် မှာကြားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ပေးခဲ့ကြသည်။ **(သတင်းစဉ်)**

ဆောင်းဒါးရက်ကန်းသင်တန်းကျောင်း ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းကြည့်ရှုစစ်ဆေးမှာကြား

ရန်ကုန် ဩဂုတ် ၂၄

သမဝါယမ ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၂ ရက်တွင် အိမ်တွင်းစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၏ အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆွေတင့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းအေးတို့က သင်တန်းကျောင်း၏ အုပ်ချုပ်မှုကိစ္စရပ်များ၊သင်တန်းကျောင်း၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးကလိုအပ်ချက်များကိုဖြည့်ဆည်းပေးပြီး သင်တန်းနည်းပြများ အရည်အချင်း ပြည့်မီကောင်းမွန်ရန်၊ သင်ထောက်ကူပစ္စည်းများပြည့်စုံရန်၊ သင်ရိုးညွှန်းတမ်းများ အဆင့်မီရန်၊ သင်တန်းကျောင်းနှင့် သင်တန်းသားများ စိတ်ဓာတ်၊ စည်းကမ်း၊ အကျင့်စာရိတ္တကောင်းမွန်ရန်၊ လုပ်ငန်းခွင်၌ အသုံးချရန် ပညာရပ်များဖြစ်၍ ကြိုးစားသင်ယူ လေ့ကျင့်ရန်တို့ကို မှာကြားသည်။

မှာကြား

ထို့နောက်ဝန်ကြီးသည် သင်တန်းကျောင်းနှင့် Myanmar Association Japan တို့ ဆောင်ရွက်လျက်ရှိသည့် Suvanna Bhunmi Museum & Shop ကို ကြည့်ရှုစစ်ဆေးရာ ဈေးကွက်၌ ရောင်းချမည့်ပစ္စည်းများကို စျေးနှုန်း သင့်တင့်မျှတမှုရှိစေရေး ဆောင်ရွက်ရန် မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးသည် ရက်ကန်းကျောင်းအတွင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဖြည့်ဆည်း

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးစက်မှုဇုန်(၁) ချယ်ရီလမ်းရှိ ဒိုင်းမွန်း ကားရေတိုင်ကီ လုပ်ငန်းသို့ သွားရောက်ရာ ပိုင်ရှင်ဦးအောင်ကြည်က တရုတ်အင်ဂျင်စက်များ၊ လယ်ယာ(၁၆)အင်ဂျင်များ၊ ဖွဲလယ်ထွန်စက်များနှင့် ဆန်နီမှ TE-11 အထိ မော်တော်ယာဉ်အမျိုးမျိုးတို့၏ ရေတိုင်ကီများ ထုတ်လုပ်ပုံအဆင့်ဆင့်၊နေ့စဉ်ထုတ်လုပ်နိုင်မှုစွမ်းအားတို့ကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လုပ်ငန်းတိုးချဲ့ဆောင်ရွက်ရန်၊ ကုန်ကြမ်းနှင့် အရင်းအနှီး လိုအပ်ချက်တို့ကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ **(သတင်းစဉ်)**

ဆေးပညာဆိုင်ရာကျင့်ဝတ်များ သင်ကြားရေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၄

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနက ကျင်းပသည့် ဆေးပညာဆိုင်ရာကျင့်ဝတ်များ သင်ကြားရေးဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်ခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကျန်းမာရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor Adik Wibowo နှင့် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပညာရှင်များဖြစ်ကြသည့် ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာဒေါ်ခင်အေးဝင်း၊ ဒဿနိကဗေဒပညာဌာနမှ ဒေါက်တာ ဒေါ်တင်တင်ထွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ Professor Yali Cong၊ အမေရိကန်နိုင်ငံမှ Dr.Anita J. Tarzian နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွေးနွေး

ယင်းနောက် ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ပါမောက္ခ ဒေါက်တာ သာလှရွှေက ဆောင်ရွက်ပြီး ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခဒေါက်တာမောင်မောင်ဝင့်က မြန်မာနိုင်ငံ ဆေးပညာဆိုင်ရာ ကျင့်ဝတ်သင်ကြားရေး အကျဉ်းချုပ်ကို လည်းကောင်း၊ Dr. Anita J. Jarzian က တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဆေးပညာကျင့်ဝတ်ဆိုင်ရာ သင်ကြားရေးကိုလည်းကောင်း၊ Professor Yali Cong က အမေရိကန်နိုင်ငံ ဆေးတက္ကသိုလ်ကျောင်းများတွင် သင်ကြားသည့် ဆေးပညာဆိုင်ရာ ကျင့်ဝတ်အကြောင်းကို လည်းကောင်း ဆွေးနွေးတင်ပြကြပြီး ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်ကိုကျင်းပရာသဘာပတိအဖြစ်ပါမောက္ခ ဒေါက်တာ သန်းနုရွှေက ဆောင်ရွက်သည်။

ဆက်လက်ကျင်းပ

အဆိုပါ ဆွေးနွေးပွဲကို ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိဆေးတက္ကသိုလ်များမှ ပါမောက္ခ၊ ဌာနမှူးများ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊တိုင်းရင်းဆေးတက္ကသိုလ်များမှ ကိုယ်စားလှယ်များ၊ ဆေးတက္ကသိုလ်များမှ အလုပ်သင်ဆရာဝန်နှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ဆွေးနွေးကြမည်ဖြစ်ပြီး ဆွေးနွေးပွဲကို ယနေ့မှ ဩဂုတ် ၂၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အရဏ်ဆွမ်းအတွက် လှူဒါန်းရေစက်ချ

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်မြို့ အမှတ်(၅၄)အင်းယားမြိုင်လမ်းနေ (ညွှန့်ကုမ္ပဏီနှင့် ညွှန့်အက်စ် ဓာတုဗေဒလုပ်ငန်း)ပိုင်ရှင် ဦးကျော်ညွှန့်က ၁၃၆၇ ခုနှစ် တန်ခူးလဆန်း ၂ ရက်မှ နတ်တော်လအထိ စာချ၊ စာသင်သံဃာတော်အပါး ၅၄၀ တို့အား အရုဏ်ဆွမ်းဟင်းအတွက် တစ်နေ့လျှင် ကျပ် ၁၅၀၀၀ နှုန်းဖြင့် ကျပ် ၃၅ သိန်း၊ ခုနှစ်သောင်းကို ဝါခေါင်လဆန်း ၃ ရက်တွင် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ပြည်မြို့ ဓောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကုဏ္ဍလဇောတိထံ ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။ **(က-ပ)**

ဇလွန်မြို့ ဖြဟ္မစိုရ် နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်ပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုပွဲကို ဩဂုတ် ၁၅ ရက်က အသင်းတည်ရာ ဇလွန်မြို့ အင်္ဂဗိုလ်ကျောင်းတိုက် အတွင်းရှိ လောကမုနိန်မာရဇိန် တန်ဆောင်းတော်ကြီးအတွင်း၌ ကျင်းပရာ အလှူရှင်များ၏ လှူဒါန်းငွေ ကျပ် ၁၅ သိန်းကို ဥက္ကဋ္ဌ ဦးအောင်မြလက်ခံရယူစဉ်။
(၃၅၀)

အလှူတော်ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၂၄

ရန်ကင်း ပြည်သာယာရွှေပြည်ဟိန်းကျောင်း၌ဖွင့်လှစ်ထားသောကုသိုလ်ဖြစ်ဆေးခန်းအတွက် သမီးကြီး ဒေါ်ချိုနွယ်ယုနှင့် သမီးလတ် ဒေါ်ခင်ဆွေသန့်တို့၏ မွေးနေ့အလှူအဖြစ် သုဝဏ္ဏစုပေါင်းအိမ်ရာ သံသုမာလမ်းနေ မိသားစုက အလှူငွေ ကျပ်ရှစ်သောင်းကို လှူဒါန်းကြသည်။ အာယုဒါနအဖြစ် ရွှေပြည်ဟိန်းကျောင်း ဖုန်း-၅၄၁၄၉၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Prof. Adik Wibowo သည် ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်၊ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှူး ဒေါ်မြင့်မြင့်စိုး၊ အထွေထွေ အတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့ဝင်တို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များ၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူတို့က ရှင်းလင်းပြောကြားကြပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ်၏ မေးမြန်းမှုများကို ဖြေကြားကြသည်။

(သတင်းစဉ်)

တွေ့ဆုံနှုတ်ဆက်

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Prof. Adik Wibowo မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၄

ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ၂၀၀၄–၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲကို စက်တင်ဘာ ၁၀ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၄နာရီအထိ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း အနုပညာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲသို့ ဖော်ပြပါနှစ်တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ဩဂုတ် ၃၁ရက် နောက်ဆုံးထား၍ ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း အနုပညာခန်းမ ငွေကောက်ခံရေးအဖွဲ့သို့ လာရောက် ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

တံခွန်အသင်း အကြိုဗိုလ်လုပွဲတက် လယ်/ဆည်အသင်းကို အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၂၄

၂၀၀၅–၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲ တတိယကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် လယ်/ဆည်အသင်းနှင့် တံခွန်အသင်းတို့သည် ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းအားကစားပြိုင်ဝင်း၌ ယှဉ်ပြိုင်ကစားကြရာ တံခွန်အသင်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

တံခွန်အသင်း **နှစ်ဂိုး**
(နီမောင်မောင်နှင့် အောင်မိုး)
လယ်/ဆည်အသင်း **တစ်ဂိုး**
(မိုးကျော်ဦး)
ဒိုင်လူကြီး **ဦးသိန်းမြိုင်**

တက်ရောက်

လူငယ်ကစားသမား အများစုဖြင့် ဖွဲ့စည်းထားပြီး ခြေစွမ်းပြကစားနေသော တံခွန်အသင်းသည် အုပ်စုတွင်း၌ ဝါရင့်အသင်းကြီးများကို ရှုံးပွဲမရှိဖြင့် ဖြတ်ကျော်ခဲ့သလို ယခုကွာတားဖိုင်နယ်တွင်လည်း (က)အုပ်စု၌ အုပ်စုပထမရလာသည့် လယ်/ဆည် အသင်းကို ထပ်မံကျော်ဖြတ်ကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

ခြေရည်တူ အသင်းများဖြစ်သည်နှင့်အညီ အနိုင်ရရှိရေးအတွက် အားကုန်ထုတ်ကစားကြရာ ပွဲမှာ အပြန်အလှန်ရှိခဲ့သည်။ ပထမပိုင်းတွင် လယ်/ဆည် အသင်းကပင် ပွဲကိုအနိုင်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။ လယ်/ဆည် အသင်းအတွက် ဦးဆောင်ဂိုးကို ၃၈ မိနစ်တွင် မိုးကျော်ဦးက သွင်းယူခဲ့သည်။

ထိုးဖောက်ကစား

အာဆီယံယူ–၂၀ ချန်ပီယံ မြန်မာလူငယ်အသင်းတွင် ပါဝင်ခဲ့သည့် စိုးမင်းဦးက အလယ်တန်းမှလည်း ကောင်း အောင်မိုးက ရှေ့တန်းတွင် လည်းကောင်းကစားကာ တံခွန်အသင်းအတွက် ချေပဂိုးရရှိရေး ဦးဆောင်ကာ လယ်/ဆည်ဘက်သို့ ထိုးဖောက်ကစားသည်။ တံခွန်အသင်း၏ နေရာစုံမှ ထိုးဖောက်တိုက်စစ်ဆင်မှုများကို လယ်/ဆည် အသင်း တောင့်ခံနိုင်စွမ်းမရှိတော့ဘဲ ဂိုးနှစ်ဂိုး ဆက်တိုက်ပေးလိုက်ရသည်။

တံခွန်အသင်းအတွက် ချေပဂိုးကို ၂၂မိနစ်တွင် နီမောင်မောင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ ချေပဂိုးရရှိသွား၍ တံခွန်အသင်းအားတက်လာပြီး တရစပ်ဖိကစားရာ ခုနစ်မိနစ်အကြာမှာပင် အနိုင်ဂိုးသွင်းယူခဲ့သည်။ မြန်မာလူငယ်အသင်းအား အာဆီယံ ယူ–၂၀ ချန်ပီယံဖြစ်စေရန် အရေးပါသည့်ဂိုးများ သွင်းယူခဲ့သည့် အောင်မိုးက အဝေးမှ လှလှပပ ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။

တံခွန်အသင်းသည် အကြိုဗိုလ်လုပွဲ၌ စီးပွား/ကူးသန်း (သို့) ကမ္ဘောဇ အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယနေ့ပွဲ

ညနေ ၃နာရီခွဲ
(အောင်ဆန်းကွင်း)
စီးပွား/ကူးသန်းနှင့် ကမ္ဘောဇ
(ကြေးမုံ)

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဩဂုတ် ၂၆ရက်မှ စက်တင်ဘာ ၄ရက်အထိကျင်းပမည့် အာဆီယံ အသက် (၁၇)နှစ်အောက် လူငယ်ဘောလုံးပြိုင်ပွဲတွင် ဒိုင်ကြီးကြပ်အဖြစ် ဆောင်ရွက်မည့် ဦးထွန်းလှအောင် (ရေအားလျှပ်စစ်၊ လျှပ်စစ်ဝန်ကြီးဌာန) (ဝဲ)**နှင့် အကူဒိုင်လူကြီးအဖြစ် ဆောင်ရွက်မည့် ဦးသန်းထွန်း (အား/ကာ)** (ယာ)**တို့ ဩဂုတ် ၂၄ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။** (ကြေးမုံ)

(၄၃)ကြိမ်မြောက်သွေးလှူ

ရန်ကုန် ဩဂုတ် ၂၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဒုတိယအကောက်ခွန်မှူး ဦးကျော်မျိုးထွန်း **(ဝဲပုံ)** သည် ဩဂုတ် ၁၉ရက်က အမှတ် (၂) တပ်မတော်ဆေးရုံတွင် (၄၃)ကြိမ်မြောက် သွေးလှူဒါန်းသည်။

(က–ပ)

မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် မိုးလျော့နည်းမည်

ရန်ကုန် ဩဂုတ် ၂၄

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင်ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ်လ ၂၅ရက် ညနေအထိခန့်မှန်းချက်မှာ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများတွင် မိုးလျော့နည်းမည်။

ချစ်ခြင်းဖွဲ့မေတ္တာနှင့် ဘီလူးဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် ဩဂုတ် ၂၄

ပြသဆဲ မြန်မာဇာတ်ကားများဖြစ်သည့် **ချစ်ခြင်းဖွဲ့မေတ္တာ** နှင့် **ဘီလူး** ဇာတ်ကားတို့မှာ ပရိသတ်အားပေးမှုဖြင့် ဆက်လက်ပြသလျက်ရှိနေသည်။



ပြသဆဲ ဘီလူး ဇာတ်ကားမှ သရုပ်ဆောင်ဇာဂနာ၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

ချစ်ခြင်းဖွဲ့မေတ္တာ

သဇင်ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ရေးမှ သူဇာညွန့် စီစဉ်ထုတ်လုပ်ပြီး ဝတ္ထု၊ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့ ရေးသားရိုက်ကူးသည့် **ချစ်ခြင်းဖွဲ့မေတ္တာ** ဇာတ်ကားသစ်မှာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေသည်။ ထိုဇာတ်ကားတွင် ဒွေး၊ တင့်တင့်ထွန်း၊ မြတ်ကေသီအောင်၊ အိန္ဒြာကျော်ဇင်၊ ဆုပန်ထွာ၊ ခိုင်နှင်းဝေတို့ ခေါင်းဆောင် ပါဝင်ထားကြပြီး အစ်ကိုကြီး အဖအရာ ဟူသော ခံယူချက်ဖြင့် မိဘမဲ့ နှမငယ်များအပေါ် သံယောဇဉ်ကြီးမားစွာဖြင့် တာဝန်ယူစောင့်ရှောက်ပုံကို မောင်နှမမေတ္တာ ပီပြင်စွာ ပေါ်လွင်အောင် ရိုက်ကူးထားသည့် ဇာတ်ကားကောင်းတစ်ကားဖြစ်သည်။

ချစ်ခြင်းဖွဲ့မေတ္တာ ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

ဘီလူး

ရွှေဆောင်ရုံတွင် ပြသဆဲဖြစ်သည့် ဘီလူးဇာတ်ကား ဆက်လက်ပြသနေသည်။ ၎င်းဇာတ်ကားကို ဒါရိုက်တာ မီးပွားက တာဝန်ယူ ရိုက်ကူးထားပြီး ဇေလုဝ၊ ဇာဂနာ၊ သျှားညို၊ ဥက္ကာမင်းမောင်၊ အောင်လွင်၊ ကင်းကောင်၊ ဇရော၊ ဆိုနီနှင့် မိုးကျော်တို့ ခေါင်းဆောင် ပါဝင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

နေပြည်တော်ရုံတွင်လည်း ပြသဆဲ နိုင်ငံခြားဇာတ်ကားဖြစ်သည့် Sky Captain and The World of Tomorrow သိပ္ပံပညာ နောက်ခံဇာတ်ကြမ်းကား ဆက်လက်ပြသနေသည်။

၎င်းဇာတ်ကားကို ဇာတ်ညွှန်းနှင့် ဒါရိုက်တာ Kerry Conran က ရေးသားရိုက်ကူးပြီး သရုပ်ဆောင် Judelaw နှင့် Gwyneth Paltrow တို့ပါဝင်ကြသည်။

(ကြေးမုံ)

စီမံကိန်းရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေး အားသွန်ခွန်စိုက်ဆောင်ရွက် ပြည်နယ်အဆင့် ဌာနဆိုင်ရာအားလုံး ဝိုင်းဝန်းညှိနှိုင်း၊ အချင်းချင်းအပြန်အလှန် ကူညီပံ့ပိုး ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ဘားအံမြို့၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား မှာကြား

ရန်ကုန် ဩဂုတ် ၂၄

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် ဘားအံမြို့ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည်များကို မေးမြန်းဆွေးနွေးကာ လိုအပ်သည်များကို မှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကရင်ပြည်နယ်ရှိခရိုင်သုံးခုမှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များ လှိုင်းဘွဲမြို့ရှိ မြို့နယ် ပြည်သူ့ဆေးရုံကို လက်ရှိ ၂၅ ခုတင်ဆံ့ ဆေးရုံမှ ခုတင် ၅၀ ဆံ့အထိ အဆင့်မြှင့်တင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တိုင်းမှူး ဗိုလ်ချုပ် မြင့်ဆွေ

ရန်ကုန်တောင်ပိုင်းခရိုင် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲနှင့် တစ်မိုးနှစ်သီး စပါးစိုက်ပျိုးမှု ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၂၄

ရန်ကုန်တောင်ပိုင်းခရိုင် ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယနေ့နံနက်ဂနာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရှိ ရွှေမှော်ဝန်းခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ သန်လျင်တပ်နယ်မှူး ဗိုလ်မှူးချုပ်မောင်ဦးလွင်၊ ရန်ကုန်တိုင်း တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၄) စစ်ဒေသမှူး ဗိုလ်မှူးကြီးလှအေး၊ အမှတ်(၂)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင်ထွန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မြင့်ကြည်နှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်ကြီးများ၊ အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အနုပညာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်ကပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပုလဲကျေးရွာအနီးရှိ လယ်သူမကြီး ဒေါ်နီနီဝင်း၏လယ်မြေ၌ တစ်နှစ်သုံးသီးစိုက်ခင်းအတွင်း တစ်မိုးနှစ်သီးပထမစပါး(အိုင်အာ ၇၄၇) ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေးစဉ်။ (ရန်ကုန်တိုင်း)